

Photo: Professor Hla Myint, Professof of Economics 1966-1985, Picture taken by Gavin Allan-Wood (1985), LSE Library

# မြန်မာပြည်၏ ဂန္တဝင်ဘောဂဗေဒပညာရှင် ဆရာကြီးလှမြင့်

သန်းထွန်း

ဩဂုတ်လ၊ ၂၀၂၂ခုနှစ်

Inya Economics Blog

## စကားချီး

ပါလီမန်ခေတ်သည် မြန်မာပြည်ဘောဂဗေဒပညာ၏ ရွှေခေတ် ဖြစ်ခဲ့ပါသည်။ ရွှေခေတ်မှ တရွေ့ရွေ့ကျဆင်းလာသည့် ယခုကာလခေတ်ကို ရတနာတစ်ပါးနှင့် ယှဉ်တွဲသတ်မှတ်ရန် မဝံ့ရဲတော့ပါ။ ဘောဂဗေဒပညာကို နှစ်သက်ခုံမင်စွာ လေ့လာသော ပညာသင်တစ်ယောက်အဖို့ ရွှေခေတ်ကို ပြန်လည်တမ်းတသော စိတ်ဖြင့်သာ ရေးသားပါသည်။[1] ပညာသင်တစ်ယောက်တည်း၏ အိပ်မက်မှသည် ပညာသင်အားလုံး၏ အိပ်မက်ကြီး ဖြစ်လာလျှင် မြန်မာပြည်ဘောဂဗေဒပညာ ရွှေခေတ်ပြန်ရောက်ဖို့ မခက်ပါ။ ခြောက်အိပ်မက်များ ပေါကြွယ်ဝသော ဤနိုင်ငံတွင် ရွှေခေတ်မျှော်သော အိပ်မက်တွေ အားကောင်းလာရန် အတော်ကြိုးစားရပါသည်။ ဤဆောင်းပါးရှည်သည် ပညာသင်တို့၏ အိပ်မက်ဖြစ်လာရန် အားထုတ်သော ကြိုးပမ်းမှုတစ်ခု ဖြစ်ပါသည်။ ဤကြိုးပမ်းမှုသည် ဘောဂဗေဒကျောင်းသားများ၊ စိတ်ဝင်စားသူများ လေ့လာဖို့ကောင်းသော စာပေလက်ရာတစ်ခု ဖြစ်လာမည်ဆိုလျှင်လည်း နောင်လာမည့် ရွှေခေတ်အတွက် အမြုတေအုတ်ချပ် သို့မဟုတ် အမြုတေသဲပွင့် ဖြစ်ရသဖြင့် ကျေနပ်ပါသည်။

## ၁။ နိဒါန်း

မြန်မာဘောဂဗေဒပညာရှင်များသည် ဘောဂဗေဒအတွေးအခေါ် ဆင့်ကဲတိုးတက်ပြောင်းလဲရေးတွင် သာမန်ထက် ထူးကဲစွာ ပါဝင်အားထုတ်ခဲ့ကြပါသည်။ မြန်မာဘောဂဗေဒပညာရှင်များအနက် ဆရာလှမြင့်သည် အထူးခြားဆုံးနှင့် အလွှမ်းမိုးနိုင်ဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် (စီးပွားရေးတိုးတက်မှုကို မောင်းနှင်သော) ကုန်သွယ်ရေး၊ အင်စတီကျူးရှင်းများကို လေ့လာရာတွင် ဆရာလှမြင့်သည် ပညာရပ်ပိုင်းဆိုင်ရာ ရှေ့ဆောင်ဦးရွက်ပြုခဲ့သူတစ်ဦး ဖြစ်ပါသည်။ ဆရာလှမြင့်သည် မြန်မာပြည်စီးပွားရေးမူဝါဒချမှတ်မှုကို ထိထိရောက်ရောက် လွှမ်းမိုးနိုင်သည့် ပုဂ္ဂိုလ်ဖြစ်ခဲ့ပါသည်။ ကိုလိုနီခေတ်စီးပွားရေးမူဝါဒများကို (အမျိုးသားရေးခံစားချက် အသားပေးကာ) ပြင်းပြင်းထန်ထန် ဆန့်ကျင်သည့် နိုင်ငံရေးခေါင်းဆောင်များသည် ဆရာလှမြင့်၏ စီးပွားရေးမူဝါဒများကို လွဲမှားစွာ နားလည်ပြီး တုံ့ပြန်ခဲ့ကြပါသည်။ မြန်မာပြည်စီးပွားရေးကို ကယ်တင်နိုင်မည့်စီးပွားရေးမူဝါဒများနှင့် ပညာရပ်အမြင်များသည် မြန်မာနိုင်ငံရေးခေါင်းဆောင်များ၏ ငြင်းပယ်မှုကြောင့် ကမ္ဘာနှင့်ချီ အရေးပါသည့် ပညာရပ်ဆိုင်ရာ

---

[1] တွဲဖက်ပါမောက္ခရှောင်တန်းနဲလ်၏ ဆောင်းပါးသည် အဓိက ကိုးကားချက်ဖြစ်ပြီး ဆရာလှမြင့်အကြောင်း တခုတ်တရ အားထုတ်ရေးသားပေးသည့် ရှောင်တန်းနဲလ်ကို အထူးကျေးဇူးတင်မိပါသည်။ ကျွန်တော်တို့မြန်မာများထဲမှ ထိုမျှ ပြည့်စုံအောင် ရေးသားသူ မရှိခဲ့ပါ။ ဆရာလှမြင့်ကွယ်လွန်အပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်က အုပ်ရေ ၁၀၀ သာ ကန့်သတ်ထုတ်ဝေသော စာအုပ်ငယ်ကိုလည်း အတိုင်းအတာတစ်ခုအထိ ကိုးကားနိုင်ခဲ့ပါသည်။ ဖြည့်စွက်အနေဖြင့် ဘောဂဗေဒအတွေးအခေါ်သမိုင်းစာအုပ်ပါ စဉ်းစားပုံများနှင့် တိုင်းပြည်ပြုလွှတ်တော် စာတွဲအမှတ်၁မှ စာတွဲ၇ အထိ အကြောင်းအရာများကို ခပ်ပါးပါး တို့ထိထားပါသည်။

အားထုတ်မှုများအဖြစ်သို့သာ ဆိုက်ရောက်သွားပါသည်။ ဆရာလှမြင့်၏ အခြေခံစဉ်းစားချက်များသည် ကျမ်းရိုးဟောင်းဘောဂဗေဒလာ ပညာရပ်အငြင်းအခုံများတွင် တည်ရှိကောင်း တည်ရှိနိုင်ပါသည်။[2] ဆရာလှမြင့် ပထမဆုံးတိုင်းပြည်တာဝန်ထမ်းဆောင်ပြီး နှစ်၇၀ကျော်အကြာ ၂၀၁၂ခုတွင်မူ ဆရာလှမြင့်၏ ပညာကြီးသော အကြံပေးချက်များကို တိုင်းပြည်သည် သစ်လွင်သည့် မျှော်လင့်ချက်များနှင့်အတူ တစ်ဖန် ပြန်လည်နားထောင်နေရပါပြီ။[3]

မြန်မာပြည်နှစ်ငါးဆယ်ကျော်အုပ်ချုပ်မှု (၁၉၆၂-၂၀၁၀)သည် မြန်မာ့စီးပွားရေးအပေါ် များစွာသော ဆုံးရှုံးနစ်နာမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ဆုံးရှုံးနစ်နာမှုများအနက် လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးမှုမှာလည်း မသေးငယ်လှပါ။ ထိုကာလတွင် အကောင်းဆုံး၊ အတော်ဆုံးဟုဆိုနိုင်သော ပုဂ္ဂိုလ်များကို တိုင်းပြည်က လက်လွှတ်ဆုံးရှုံးခဲ့ရပါသည်။ မတတ်သာသဖြင့် တိုင်းပြည်က ထွက်ခွာခဲ့ရသူများအနက် ဆရာလှမြင့်သည် ပထမတန်းစားဖြစ်ပြီး သူ့ကို လက်လွှတ်ဆုံးရှုံးရခြင်းသည် တိုင်းပြည်၏ အကျိုးစီးပွားကို အကြီးအကျယ် ထိခိုက်နစ်နာစေပါသည်။ တချို့သောနိုင်ငံများကို အာရှတွင်း စီးပွားရေးကျားနိုင်ငံများ ဖြစ်သည်အထိ တွန်းတင်ပေးခဲ့သော စီးပွားရေးမူဝါဒများနောက်ခံအတွေးအခေါ်များ၏ တစ်စိတ်တစ်ပိုင်းသည် ဆရာလှမြင့်၏ စီးပွားရေးအတွေးအခေါ်များ ဖြစ်ပါသည်။[4] ဆရာလှမြင့်၏ စီးပွားရေးအတွေးအခေါ်များကို ကိုလိုနီခေတ်က ကျင့်သုံးခဲ့သည့် စီးပွားရေးမူဝါဒများနှင့် ဆင်တူနေသည်ဟုဆိုပြီး ငြင်းပယ်ခဲ့သော မြန်မာပြည်သည် အာရှတွင်းကျားလေးကောင်နှင့် ဆန့်ကျင်ဘက်အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်။
၂၀၁၂ခု၊ ဖေဖော်ဝါရီတွင် ဆရာလှမြင့်သည် ရန်ကုန်စီးပွားရေးတက္ကသိုလ်က ကျင်းပသော ပရိသတ်အများအပြား တက်ရောက်ချီးမြှင့်သည့် အခမ်းအနားသို့ အောင်ပွဲခံဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် ပြန်လည်ရောက်ရှိလာပါသည်။ အသက်၄၁နှစ်အရွယ်တွင် တိုင်းပြည်က ထွက်ခွာသွားခဲ့ရသော ဘောဂဗေဒအကျော်အမော်သည် တိုင်းပြည်တံခါးဖွင့်၍ ပြန်လည်ရောက်ရှိလာချိန်တွင် အသက်၉၂နှစ် ရှိသွားပါပြီ။[5]

---

[2] ယင်းမှာ သူမွေးဖွားလာသည့်ပတ်ဝန်းကျင်၏ စေ့ဆော်မှုနှင့် ရိုက်ခတ်မှုများကြောင့် ဖြစ်နိုင်ပါသည်။ ပါမောက္ခရှောင်နှင့် ပညာရှင်အများအပြား၏ ရေးသားချက်တွင် အခုလို ရှုမြင် ရေးသားကြပါသည်။ စာရေးသူ၏ မတူညီသော အမြင်မှာ ကျမ်းရိုးဟောင်းဘောဂဗေဒအတွင်း လုံးလုံးကျရောက်သည်ဟု မဆိုနိုင်ပါ။ စီးပွားရေးစနစ်ကြီး၏ အခြေခံကျသည့် စည်းမျဉ်းများကစပြီး စောကြောစစ်ဆေးခဲ့ပါသည်။ ဈေးကွက်စနစ်အပေါ် နားလည်ချက်သည် ဈေးကွက်ပြဿနာများကို ဖြေရှင်းရေး မူဝါဒအဖြေထုတ်ရာတွင် အလွန်အရေးပါသောကြောင့် ဖြစ်ပါသည်။
[3] ၂၀၁၄အခြေအနေတွင် ပါမောက္ခရှောင်၏ ရေးသားချက် ဖြစ်သည်
[4] ထိုအချက်ကို ဆရာလှမြင့်၏လက်ရာ “၁၉၇၀ပြည့်လွန်နှစ်များအတွင်း အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးရေးမူဝါဒများ”(၁၉၇၂)တွင် အထင်အရှားတွေ့နိုင်ပြီး သက်ဆိုင်သည့်အပိုင်းတွင် တင်ပြပါမည်။
[5] စာရေးသူက ဆရာလှမြင့်၏ ကိုယ်ရေးအကျဉ်းကို ဖတ်ရှုလေ့လာပြီး ထွက်ချက်တင်ပြပါသည်။ ဗဟုသုတစာစဉ်က တင်ပြသည့် ဆရာလှမြင့်၏ ကိုယ်ရေးအကျဉ်းမူကို ကိုးကားပါသည်။

ယခု ရန်ကုန်စီးပွားရေးတက္ကသိုလ်ဖြစ်လာမည့် ယခင်ဘောဂဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်ကို ဆရာလှမြင့်က ဒုတိယကမ္ဘာစစ်အပြီး အပျက်အစီးပုံများကြားမှ ပြန်လည်ထူထောင်ခဲ့ရပါသည်။ ဆရာလှမြင့်၏ သူတကာထက် ထူးကဲသာလွန်သည့်အနေအထားဖြင့် တည်ရှိနေမှုသည် ရှေ့ပိုင်းကာလများအတွင်း မြန်မာ့ပညာရေး မည်မျှနိမ့်ဆင်းသွားကြောင်း လှစ်ဟပြသနေသည်ဟု ပါမောက္ခရှောင်က သူ၏ဆောင်းပါးတွင် ရေးသားထားပါသည်။ နှောင်းပိုင်း ဘောဂဗေဒပညာသင်များသည်လည်း ထိုသုံးသပ်ချက်မျိုးကို လက်ခံပါသည်။ ယခုတော့ မှန်းမျှော်ကြည့်စရာ ဆရာလှမြင့်သည်ပင် ကွယ်လွန်သွားခဲ့ချေပြီ။ ရော်နယ်ဖင်လေလည်း ကွယ်လွန်သွားခဲ့ပါပြီ။ မျှော်မှန်းကြည့်စရာ သက်ရှိဘောဂဗေဒအကျော်အမော် မရှိတော့သဖြင့် လက်ရှိဘောဂဗေဒပညာသင်တွေ၏ ပခုံးပေါ်သို့ သမိုင်းက တာဝန် ပေးအပ်လိုက်လေပြီ။

## ၂။ ဘဝဖြစ်စဉ်အကျဉ်း

ဆရာလှမြင့်ကို ၁၉၂၇ပြည့်နှစ်တွင် ပုသိမ်မြို့၊ ရောဝတီတွင် ဖွားမြင်ပါသည်။ ဧရာဝတီတိုင်းသည် မြန်မာရှင်ဘုရင်များလက်ထက်က ချုံနွယ်ပိတ်ပေါင်းတွေ ထူထပ်သောဒေသဖြစ်သော်လည်း ဗြိတိသျှအစိုးရလက်ထက်တွင် မြေယာသစ်များစွာ ခုတ်ထွင်ရှင်းလင်းပြီး ဆန်စပါးစိုက်ပျိုးရာ ဒေသဖြစ်လာပြီး ဆန်စပါးတန်ချိန်အမြောက်အများ တိုးမြှင့်ကာ စိုက်ပျိုးတင်ပို့နိုင်ခဲ့ပါသည်။ အကျိုးဆက်အဖြစ် ဧရာဝတီဒေသသည် လူနေထူထပ်ပြီး မြို့အဖြစ် ဆိုက်ရောက်တိုးတက်လာခဲ့ပါသည်။ သို့ရာတွင် ထိုတိုးတက်မှုများ၏ အကျိုးစီးပွားကို အများဆုံးစံစားရသူမှာ မြန်မာများ ဖြစ်မနေခြင်းက နိုင်ငံရေးပြဿနာများစွာကို မွေးထုတ်ပေးပါသည်။ တစ်ချိန်တည်းမှာပင် ထိုတိုးတက်မှုများကို ဆောင်ကြဉ်းလာသည်မှာ မြန်မာဘုရင်အစိုးရ မဟုတ်ပါဘဲ မြန်မာဘုရင်အစိုးရကိုဖြုတ်ချသော ဗြိတိသျှအစိုးရ ဖြစ်နေပါသည်။ ထိုစီးပွားအခြေအနေအလုံးစုံအောက်မှာ ဆရာလှမြင့် ကြီးပြင်းလာရပါသည်။ ဆရာလှမြင့်သည် ထိုအခြေအနေများ၏ လွှမ်းမိုးမှုကို ခံရပြီး သူ့ကို လွှမ်းမိုးသော စီးပွားရေးအခြေအနေကိုလည်း ကောင်းစွာ နားလည်ကြောင်း နောက်ပိုင်းဆရာ၏ ပညာရပ်ပိုင်း ကြိုးပမ်းအားထုတ်မှုများတွင် တွေ့ရှိရပါသည်။

ဖခင်ဖြစ်သူသည် ဆရာငယ်စဉ်မှာပင် ကွယ်လွန်သွားသည်။ မိခင်က မိသားစုရှင်သန်ရပ်တည်ရေးအတွက် အိမ်ဆိုင်လေးတည်ခဲ့သည်။ မိခင်သည် စီးပွားရေး လုပ်တတ်ကိုင်တတ် ရှိဟန်တူပါသည်။ နောက်တွင် လုပ်ငန်းတိုးချဲ့ပြီး ရန်ကုန်သို့ ပြောင်းရွှေ့လာပါသည်။ အလယ်အလတ်တန်းစား အစိုးရအရာရှိဖြစ်သူ ဦးလှတင်နှင့် မိခင်ဖြစ်သူတို့ နောက်အိမ်ထောင် ထူပါသည်။ ဦးလှတင်မှာ ထိုခေတ်က နာမည်ကျော်နိုင်ငံရေးသမား ဦးထွန်းရှိန်၏ ညီဖြစ်ပါသည်။ ၁၉၁၉ လန်ဒန်သွားပြီး အခြေခံဥပဒေပြင်ဆင်ရေးတောင်းဆိုသည့် ဖေါပုံရှိန် ကိုယ်စားလှယ်အဖွဲ့မှ ဦးထွန်းရှိန်ဖြစ်ပါသည်။ ထိုအချက်ကြောင့် ဆရာသည် ဦးထွန်းရှိန်၏ နိုင်ငံရေးအရှိန်အဝါကို စံစားရမလား တွေးစရာ ရှိပါသည်။ သို့ရာတွင် ဦးထွန်းရှိန်သည် ဆရာ့ကို မွေးဖွားသည့် ၁၉၂၇တွင်ပင်

ကွယ်လွန်သွားခဲ့သည်။ အသက်၁၄နှစ်အရွယ်တွင် ဆရာတက်ရောက်သော အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးက ဆရာ့ကို ရန်ကုန်တက္ကသိုလ်သို့ သွားပြီး ဘောဂဗေဒလေ့လာဖို့ တိုက်တွန်းပါသည်။ ထိုအချိန်က တက္ကသိုလ်တက်ရောက်ရန် ခွင့်ပြုသည့် အငယ်ဆုံးအသက်မှာ ၁၅နှစ် ဖြစ်ပါသည်။ ၁၉၃၄ခုတွင် ရန်ကုန်တက္ကသိုလ်က တက်ရောက်ခွင့်ပြုခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ်ရောက်သော် ဩစတြီးယားဘောဂဗေဒပညာရှင် ဟာရီဘာနာဒယ်လီ၏ လွှမ်းမိုးမှုအောက်တွင် ဘောဂဗေဒကို သင်ယူလေ့လာခဲ့ရပါသည်။ ဘာနာဒယ်လီမှာ ဗီယင်နာတွင် ဘောဂဗေဒအကျော်အမော် ဂျိုးဇက်ရှွန်းပီတာ၏ တပည့် ဖြစ်ခဲ့ဖူးပါသည်။ ဘာနာဒယ်လီသည် ၁၉၃၀ တစ်ဝိုက်တွင် နာဇီတွေက နှင်ထုတ်ခဲ့သည့် ပညာရှင်တွေထဲက တစ်ယောက် ဖြစ်ပါသည်။ ပြည်နှင်ခံရအပြီး ဘာနာဒယ်လီကို လန်ဒန်ဘောဂဗေဒကျောင်းတော်က လက်ခံခဲ့ပါသည်။ ထိုအချိန် လန်ဒန်ဘောဂဗေဒကျောင်းတော်တွင် ဘောဂဗေဒအကျော်အမော်များဖြစ်သည့် လီယွန်နယ်ရော်ဘင်၊ ဂျွန်ဟစ်နှင့် ဖရက်ဒရစ်ဟေးယက်[6]တို့ ဆုံစည်းရောက်ရှိနေချိန်ဖြစ်ပြီး ထိုအကျော်အမော်ကြီးများနှင့် ဘာနာဒယ်လီ အလုပ်တူတူလုပ်ခဲ့ရပါသည်။ လီယွန်နယ်ရော်ဘင်သည် ဂျာမနီနာဇီတို့ နှင်ထုတ်လိုက်သည့် ပညာရှင်ဒုက္ခသည်များကို ဦးဆောင်ကယ်တင်ခဲ့ရပြီး ထိုပညာရှင်ဒုက္ခသည်များအနက် ဘာနာဒယ်လီသည် အတော်ဆုံး၊ အထက်မြက်ဆုံး ဖြစ်သည်ဟု မှတ်ချက်ပြုပါသည်။ ဘာနာဒယ်လီကို ရန်ကုန်တက္ကသိုလ် ဘောဂဗေဒဌာနမှာ သင်ကြားရေးနှင့် သုတေသနတာဝန်ပေးအပ်ပါသည်။ ဘာနာဒယ်လီသည် မြန်မာပြည်ထဲသို့ အိန္ဒိယများ ရွှေ့ပြောင်းဝင်ရောက် အခြေချခြင်းအကြောင်းကို သုတေသနပြုခဲ့ပါသည်။ ဘာနာဒယ်လီသည် ဥရောပဘောဂဗေဒ အတွေးအခေါ်ရှင်ကြီးများနှင့် သူတို့၏ အတွေးအခေါ်များအကြောင်း ဆရာလှမြင့်ကို မိတ်ဆက်ပေးခဲ့ပါသည်။ အစိုးရစီမံကိန်းများထက် ဈေးကွက်၏ အချိန်တိုအတွင်း လျှင်မြန်စွာ တုံ့ပြန်သော သဘောတရားများကို အလေးထားသည့် ဩစတြီးယားဘောဂဗေဒအတွေးအခေါ်များကို အထူးရှင်းပြခဲ့ပါသည်။ ဆရာလှမြင့်သည် ရန်ကုန်တက္ကသိုလ်တွင် လက်တွေ့အရေးပါသော ဘောဂဗေဒကို သင်ယူရန် အခွင့်အလမ်း အလွန်နည်းပါးခဲ့ပါသည်။ သင်ရိုးစာအုပ်များမှာလည်း စိုက်ပျိုးရေးဆိုလျှင်လည်း မြန်မာ့ရေမြေအတွက် အနည်းငယ်သာ ဆင်တူသော အိန္ဒိယစိုက်ပျိုးရေးအကြောင်း သင်ယူရပြန်ပါသည်။ အဆိုပါပြဿနာကို အောက်စဖို့တက္ကသိုလ်ရောက်မှ သူသဘောပေါက်ပြီး မြန်မာ့စီးပွားရေးပြဿနာတွေကို အဓိပ္ပါယ်ရှိရှိ ဖွင့်ဆိုရှင်းလင်းဖို့ ကြိုးစားမိသည်ဟု ဆရာလှမြင့်က ဝန်ခံပါသည်။

[6] ဆရာလှမြင့်၏ ပါရဂူကျမ်းစာ “Theories of Welfare Economics”ကို ကျမ်းကြီးကြပ်သည့် ပါမောက္ခဖြစ်လာသူ။ နာမည်ကျော် ကွန်မြူနစ်ဆန့်ကျင်ရေး စာအုပ် “The Road to Surfdom”ကို ရေးသားသူ။ ဘောဂဗေဒအကျော်အမော် ဂျွန်မေနတ်ကိန်းစ်နှင့် ခေတ်ပြိုင်၊ ဘောဂဗေဒအယူအဆရေးရာ ဒီဘိတ်ပြိုင်ဘက်ဖြစ်ပါသည်။

ဆရာလှမြင့်က လန်ဒန်ဘောဂဗေဒကျောင်းတော်တွင် ဘွဲ့လွန်တန်း တက်ရောက်ပညာသင်ကြားရန် “ဗမာအစိုးရ ပညာသင်ဆု”ကို လက်ခံရရှိခဲ့ပါသည်။ ယခုအချိန်မှာ လန်ဒန်ဘောဂဗေဒကျောင်းတော်သည် ဘောဂဗေဒနယ်ပယ်တွင် အခိုင်အမာ နေရာယူပြီး ဖြစ်သော်လည်း ထိုအချိန်က ဗြိတိသျှကိုလိုနီစနစ်အတွင်း နေရသူအဖို့ အောက်စဖို့တက္ကသိုလ် သို့မဟုတ် ကိန်းဘရစ်တက္ကသိုလ်က ပိုမိုရွေးချယ်စရာ ဖြစ်ပါသည်။ သို့သော် ဘာနာဒယ်လီ၏ လွှမ်းမိုးမှုအောက်တွင် ဆရာလှမြင့်အတွက် လန်ဒန်ဘောဂဗေဒကျောင်းတော်သည် ရွေးချယ်စရာ ကျောင်းတော်ဖြစ်ခဲ့ပါသည်။[7]

ကမ္ဘာစစ်သည် ဆရာလှမြင့်၏ ဗြိတိသျှနိုင်ငံသို့ ပညာသင်ခရီးကိုပါ အနှောင့်အယှက်ပြုခဲ့သည်။ ဥရောပသို့ ဆူးအက်တူးမြောင်းမှတစ်ဆင့် သွားရမည့်အစား ဂွတ်ဟုတ်အငူမှတစ်ဆင့် ဝေးဝေးလံလံ ပတ်ပြီး သွားခဲ့ရသည်။ ထိုမျှနှင့်မပြီး စစ်၏ အကျိုးဆက်သည် ဆရာလှမြင့်အပေါ် ဆက်လက်သက်ရောက်ပါသည်။ အဘယ်ကြောင့်ဆိုသော် လန်ဒန်ဘောဂဗေဒကျောင်းတော်၏ ပညာရေးဝန်ထမ်းများကို စစ်အောင်နိုင်ရေးအတွက် အစိုးရက ဝန်ကြီးရုံးလုပ်ငန်းများတွင် ခေါ်ယူခန့်အပ်ထားသောကြောင့် ဖြစ်ပါသည်။

ဆရာလှမြင့်၏ လုပ်ပုံကိုင်ပုံနှင့် ကြိုးပမ်းအားထုတ်မှုများကို လီယွန်နယ်ရော်ဘင် တွေ့ရှိပြီးနောက် “ပါရဂူတန်းတက်ရောက်ရန် မဟာဘွဲ့ရရမည်”ဆိုသော စည်းကမ်းကို ကင်းလွတ်ခွင့်ပြုပြီး ဆရာလှမြင့်အား ပါရဂူတန်းသို့ တိုက်ရိုက်တက်ရောက်ခွင့်ပြုခဲ့ပါသည်။ လီယွန်နယ်ရော်ဘင်သည် ဗြိတိသျှအစိုးရ၏ ဘဏ္ဍာရေးသံတမန်အဖြစ် တာဝန်ထမ်းဆောင်ရန် ပင့်ဆောင်ဖိတ်ခေါ်ခြင်းခံရသောကြောင့် ဆရာလှမြင့်၏ ပါရဂူတန်း ကျမ်းကြီးကြပ်သည့်ပါမောက္ခမှာ နောင်အခါ The Road to Serfdom စာအုပ်ဖြင့် နာမည်ကျော်ကြားလာမည့် ဖရက်ဒရစ်ဟေးရက် ဖြစ်လာပါသည်။ ဟေးရက်မှာလည်း သူ၏နာမည်ကို ပညာရပ်နယ်ပယ်တွင် မော်ကွန်းထိုးနိုင်မည့် The Road to Serfdom ကို အပြီးသတ် အချောသတ်နေချိန် ဖြစ်သည်။ စစ်မှန်သော လစ်ဘရယ်ဝါဒီအဖြစ် ဆရာလှမြင့်က အတော်သဘောကျခဲ့ပါသည်။

ဆရာလှမြင့် ပညာရှာမှီးနေစဉ်မှာပင် အနာဂတ်ကြင်ယာဖက်ကိုလည်း ဖူးစာဆုံခဲ့ပါသည်။ ကြင်ယာဖက်မှာ လန်ဒန်ဘောဂဗေဒကျောင်းတော်တွင် ဘောဂဗေဒသမိုင်းကို လေ့လာသင်ယူနေသည့် ဂျူန်းမောရစ် ဖြစ်ပါသည်။ နောက်ပိုင်း (၁၉၄၆-၁၉၄၉)တွင် ဂျူန်းသည် ဩ္ဃဟနောက်ဆံထုံးပါကာ ရန်ကုန်တက္ကသိုလ်တွင် ဘောဂဗေဒသမိုင်းကို လာရောက်သင်ကြားပေးခဲ့ပါသည်။

---

[7] စာဖတ်သူနှင့် လေ့လာသူများ စိတ်ဝင်စားပြီး ဆက်လက်လေ့လာလိုပါက Edward Canen VS Alfred Marshell Debate, John Maynard Keynes VS Fredrick Hayek Debate တို့သည် အလွန်စိတ်ဝင်စားစရာ ကောင်းသည်။

ဆရာလှမြင့်၏ ပါရဂူကျမ်းစာသည် သာမန်ထက် ထူးကဲစွာ အောင်မြင်ခဲ့ပါသည်။ ကျမ်းစာအရည်အသွေးမှီ/မမှီ စစ်ဆေးကြီးကြပ်ရသည့် ဂျွန်ဟစ်သည် အအောင်ပေးရုံမက ကျမ်းစာကို စာအုပ်အဖြစ် အသွင်ပြောင်းနိုင်ရန် မန်ချက်စတာတက္ကသိုလ်သို့ စာပေပါရဂူတန်း(ဝါ) ပါရဂူဘွဲ့လွန်တန်း တက်ရောက်ရန် ဖိတ်ခေါ်ခဲ့ပါသည်။ ၁၉၄၄ခုနှစ်တွင် Theories of Welfare Economics နာမည်ဖြင့် စာအုပ် ထုတ်ဝေခဲ့ပါသည်။ အဆိုပါစာအုပ်သည် ပညာရပ်ဆိုင်ရာ နှောင်းပိုင်းဖွံ့ဖြိုးတိုးတက်မှုများအပေါ် အရှိန်အဝါကြီးမားစွာ လွှမ်းမိုးခဲ့ပါသည်။ ဆရာလှမြင့် နောက်ပိုင်းရေးသားစီရင်လာမည့် ပညာရပ်ဆိုင်ရာစာပေများ၏ အတွေးအခေါ်ပိုင်းဆိုင်ရာ အုတ်မြစ်ကိုလည်း အဆိုပါစာအုပ်ဖြင့် ဆရာတည်ဆောက်ခဲ့ပါသည်။

ဆရာလှမြင့် ဘောဂဗေဒပါရဂူဘွဲ့ရအပြီး ၁၉၄၆ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်က ဘောဂဗေဒပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ရန်နှင့် ဘောဂဗေဒဌာန ကောင်းကောင်းလည်ပတ်နိုင်အောင် ပြန်လည်တည်ထောင်ရန် အတွက် ဆရာ့ကို ဖိတ်ခေါ်ခဲ့ပါသည်။ ပါရဂူကျမ်းစာကို စာအုပ်အဖြစ် ရေးသားနေစဉ်တွင် ပေါ်ပေါက်လာသော ဖိတ်ခေါ်ချက်ကို ဆရာလှမြင့်က လက်ခံပြီး တစ်ချိန်က နိုင်ငံခြားသားပညာရှင်များသာ ရှိခဲ့သော အခုအခါ ကမ္ဘာစစ်ကြောင့် ပြိုလဲပျက်စီးနေပြီဖြစ်သော ဘောဂဗေဒဌာနကို မြန်မာ့အနာဂတ်အတွက် ပြန်လည်တည်ထောင်ရန် ကြိုးပမ်းခဲ့ပါသည်။ ဆရာလှမြင့် ပြန်ရောက်၍ တွေ့ရသော အခြေအနေမှာ စာသင်ခုံအနည်းငယ်၊ ကျောင်းသားဆောင် တစ်ဆောင်နှင့် စစ်ပြီးခေတ် ယိုင်နဲ့နဲ့ ဆောက်လုပ်ထားသည့် ဝါးတဲစာသင်ခန်းများ ဖြစ်ပါသည်။ ဤသည်မှာ ဆရာလှမြင့် လက်ခံရရှိသည့် ဘောဂဗေဒဌာန ဖြစ်ပါသည်။

ပြန်လည်တည်ဆောက်ရေးအတွက် ဆရာလှမြင့် လက်ဗလာနှင့် ပြန်လာသည်မဟုတ်။ ဗြိတိသျှအစိုးရက ဆရာလှမြင့်ကို ဌာနစာကြည့်တိုက်ကို ပြုပြင်ရန် စတာလင်ပေါင် (၅၀၀) ပေးလိုက်ပါသည်။ အဆိုပါပိုက်ဆံကို ဘောဂဗေဒဂုဏ်ထူးတန်းကျောင်းသားများမျိုးဆက်အဆက်ဆက်၏ ပညာရေးအခြေခံအတွက် ကောင်းစွာ အသုံးပြုရမည့်ပိုက်ဆံဟု ဆရာလှမြင့်က ယုံကြည်သုံးစွဲခဲ့ပါသည်။

ဆရာလှမြင့်သည် ရန်ကုန်တက္ကသိုလ်၏ ရုပ်ဝတ္ထုအဆောက်အအုံပိုင်းနှင့် ဉာဏအရင်းအမြစ်များကို ပြန်လည်တည်ဆောက်ရင်း ပျော်မွေ့နေပါသည်။ အသက်၂၆နှစ်အရွယ် အမြင့်သို့ တဟုန်ထိုးတက်တော့မည့် ပါမောက္ခတစ်ယောက်အတွက် သာမန်နေ့စဉ်ကြုံတွေ့ကာ ထမ်းဆောင်နိုင်သော တာဝန်ဝတ္တရားမျိုး မဟုတ်ပါ။ မကြာခင် လွတ်လပ်တော့မည့် နိုင်ငံငယ်ကလေးမှ ငယ်ရွယ်ပျိုမြစ်သော ပညာရှင်သည် သူ့ပခုံးပေါ် ကျလာသော တိုင်းပြည်၏ သမိုင်းပေးတာဝန်ကို မငြင်းဆန် မညည်းညူဘဲ ကျေကျေနပ်နပ် အမှုတော်ထမ်းခဲ့ပါသည်။

ဆရာလှမြင့်သည် ဉာဏအရင်းအမြစ်များကို စုဆောင်းရန် ပထမခြေလှမ်းမှာ ယေးတက္ကသိုလ်မှ ဘောဂဗေဒပါရဂူဘွဲ့ရရှိသူ ဆရာထွန်းဝေကို ဖိတ်ခေါ်ခဲ့ပြီး ဆရာထွန်းဝေကလည်း လက်ခံခဲ့ပါသည်။[8] ထို့နောက် ရန်ကုန်တက္ကသိုလ်တွင် လေ့လာသင်သူပြီး ဘောဂဗေဒပညာရှင်အဖြစ် စာသင်၊ သုတေသနပြုပြီး ဘဝကို အရိုးထုတ်ချင်သူ အာအမ်ဆွန်ဒရမ်ကို ခေါ်ယူခန့်ထားပြီး တာဝန်ထမ်းဆောင်စေခဲ့ပါသည်။[9] ဆရာထွန်းဝေသည် နောက်ပိုင်းတွင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တွင် အထူးထင်ရှားလာခဲ့ပါသည်။ ဆရာဆွန်ဒရမ်က နောက်ပိုင်း စာရင်းအင်းပညာနှင့် လန်ဒန်ဘောဂဗေဒကျောင်းတော်တွင် ပါရဂူဘွဲ့ရယူခဲ့ပြီး သြစတြေးလျ အမျိုးသားတက္ကသိုလ်တွင်း ထင်ရှားသော ဘောဂဗေဒပညာရှင် ဖြစ်လာခဲ့ပါသည်။ ဆရာလှမြင့်၊ ဆရာထွန်းဝေနှင့် ဆရာဆွန်ဒရမ်တို့ သုံးယောက်ပေါင်းစုပြီး ဘောဂဗေဒဌာနထူထောင်ခဲ့ကြသည့် ထိုသမိုင်းသည် တောက်ပခဲ့ပါသည်။ သို့သော် တိုတောင်းခဲ့ပါသည်။




Photo: Burma Research Society, Fiftieth Anniversary Publications No.1, Rangoon, 1961

---

[8] https://www.washingtonpost.com/archive/local/2001/08/18/u-tun-wai/da4e256c-4ad0-4e0b-88ed-1b8028c7fa20/

[9] https://www.tandfonline.com/doi/full/10.1080/00074918.2021.1956409

ဆရာလှမြင့် အပျော်ကြီးပျော်နေရသော ထိုအချိန်သည် မြန်မာပြည် လွတ်လပ်ရေးရအပြီး အစိုးရက တရားဝင် (အချိန်ပိုင်း) အကြံပေးအဖြစ် ခန့်အပ်လိုက်ချိန်တွင် ရပ်တန့်သွားခဲ့ရပါသည်။ ဝန်ကြီးချုပ်ဦးနု၏ စီးပွားရေးအကြံပေးအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင် ဆရာလှမြင့်သည် မပျော်ရွှင်နိုင်တော့ပါ။ အချိန်ကြာမြင့်လွန်းပြီး အကျိုးမရှိသော အစည်းအဝေးများသည် ဆရာလှမြင့်ကို ခေါင်းကိုက်စေခဲ့ပါသည်။ နိုင်ငံတော်ဦးဆောင်သည့် စီးပွားရေးစနစ်ကို ဖန်တီးရန် မြန်မာ့နိုင်ငံရေးခေါင်းဆောင်များက ကြိုးပမ်းခဲ့ကြပါသည်။ ထိုရည်မှန်းချက်အတွက်ဆိုလျှင် ယင်းသည် ဆရာလှမြင့် ယုံကြည်လက်ခံသည့် ဘောဂဗေဒအတွေးအခေါ်များနှင့် မကိုက်ညီပါ။ ထိုရည်မှန်းချက်သည် ရောဘတ်နေသန်နှင့် အဖွဲ့က အကြံပြုသော ကာလရှည်စီးပွားရေး စီမံကိန်းများနှင့် ပိုမိုကိုက်ညီပါသည်။ ရောဘတ်နေသန်အဖွဲ့က ဘောဂဗေဒပညာရှင်များနှင့် ဆရာလှမြင့်သည် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးခင်မင်ပါသည်။ အထူးသဖြင့် ဘောဂဗေဒပညာရှင်များ၏ အကြီးအကဲ လူးဝစ်ဝေါလင်စကီးနှင့် အထူးခင်မင်ပါသည်။ သို့သော် ၁၉၅၃ခုနှစ်ထုတ် အကြီးစားတည်ဆောက်ရေးစီမံကိန်း[10]အပေါ် ဆရာလှမြင့်က အောင်မြင်နိုင်ခြေနှင့် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် သံသယဖြစ်မိပါသည်။ အမေရိကန်အဖွဲ့အစည်းများ လွန်ကဲစွာ ပါဝင်နေပြီး ဗမာပြည်တွင် အဆိုပါကြီးမားသောစီမံကိန်းကို စီမံခန့်ခွဲနိုင်သည့် အုပ်ချုပ်ရေးကွန်ယက်နှင့် စနစ်အခြေခံများ ရှိမနေပါ၊ အစီရင်ခံစာပါ အဆိုပြုချက်များ ကျရှုံးလိမ့်မည်ဟု ဆရာလှမြင့်က ယူဆခဲ့ပါသည်။ နောက်ပိုင်းအဖြစ်အပျက်များက ဆရာလှမြင့်၏ အယူအဆနှင့် ခန့်မှန်းချက်များ မှန်ကန်ကြောင်း သက်သေပြနေပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏ စီးပွားရေးအကြံပေးအဖြစ် တာဝန်ထမ်းဆောင်စဉ်အတွင်း ဆရာလှမြင့်ကို အကြီးအကျယ် ဒုက္ခရောက်စေသည်မှာ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးဘုတ်အဖွဲ့ဖြစ်ပါသည်။ ဆန်ကို ပြည်ပသို့ တင်ပို့ရန် နိုင်ငံတော်က ဈေးသတ်မှတ်ပေးပြီး သတ်မှတ်ဈေးနှင့် ကမ္ဘာ့ဈေးတို့ကြား ခြားနားချက်ရငွေကို နိုင်ငံတော်က ရယူပါသည်။ အဆိုပါရငွေကို အစိုးရက စက်မှုအသွင်ကူးပြောင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ အခြားသော နိုင်ငံတော်အစီအစဉ်များအတွက် အသုံးပြုပါသည်။ ၁၉၅၈တွင် ဆရာလှမြင့်က အစိုးရမူဝါဒ၊ စီးပွားရေးအရ ထိရောက်အောင် မလုပ်နိုင်ရာမှ ဖြစ်ပေါ်လာသော အလေအလွင့်၊ ပြန်းတီးမှုများနှင့် အကျင့်ပျက်ခြစားမှုများစသည့် အကြောင်းအရင်းသုံးချက်ကြောင့် ပြည်ပသို့ ဆန်တင်ပို့မှုကဏ္ဍသည် ကျဆုံးရတော့မည်ဟု သတိပေးပါသည်။ ထိုအခြေအနေမှ ကယ်တင်နိုင်ရန် “နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးဘုတ်အဖွဲ့”ကို ဖျက်သိမ်းရန်၊ ပုဂ္ဂလိကနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပြန်လည်ဝင်ရောက်ခွင့်ပြုရန် အကြံပြုတင်ပြခဲ့ပါသည်။ အဆိုပါ အကြံပေးချက်သည် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုအတွက် လုံးဝလက်ခံနိုင်စရာမရှိသည့် အကြံပေးချက် ဖြစ်ခဲ့ပါသည်။

---

[10] ပြည်တွင်းအခေါ် ပြည်တော်သာစီမံကိန်း

အမုန်းကြီးမုန်းခဲ့ရသော ကိုလိုနီခေတ် စီးပွားရေးစနစ်ဆီသို့ ပြန်သွားရလိမ့်မည်ဟု တလွဲမြင် တလွဲနားလည်သွားသောကြောင့် ဖြစ်ပါသည်။ ဆရာလှမြင့်သည် စီးပွားရေးကို လွဲမှားစွာ လမ်းညွှန်နေလျှင် အဆိုပါလွဲမှားနေသည့်နေရာကစပြီး မှန်ကန်အောင် တည့်မတ်နိုင်သည်ဟု အကောင်းမြင်စိတ်ဖြင့် ယုံကြည်ခဲ့ပါသည်။ သို့သော် လွတ်လပ်ရေးကို ရယူပြီး နိုင်ငံကို အုပ်ချုပ်သည့် ပထမမျိုးဆက်သည် ကိုလိုနီစီးပွားရေးမူဝါဒကို လုံးဝလက်မခံနိုင်ပါ။ အမှန်တော့ ဆရာလှမြင့်တင်ပြသည့် "လွတ်လပ်သော နိုင်ငံတကာကုန်သွယ်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ရွှေ့ပြောင်းလုပ်သားများအား တံခါးဖွင့်ကြိုဆိုရေး"တို့သည် ကိုလိုနီစီးပွားရေးမူဝါဒများနှင့် ဆင်တူနေသော်လည်း ရင်းမြစ်က ကွာခြားပါသည်။ကိုလိုနီစီးပွားရေးမူဝါဒများ၏ အတွေးအခေါ်ရင်းမြစ်မှာ ကုန်သည်ကြီးများကို နိုင်ငံတော်က အာမခံ ကာကွယ်ပေးသည့် ကုန်သည်ဝါဒ ဖြစ်ပြီး ဆရာလှမြင့်ပြောသည့် စီးပွားရေးမူဝါဒများသည် ကုန်သည်ဝါဒကို တော်လှန်သော စီးပွားရေးလစ်ဘရယ်ဝါဒဖြစ်ပါသည်။[11] စီးပွားရေးလစ်ဘရယ်ဝါဒကို ငြင်းပယ်ရန် အယူအဆကိုင်ထားသည့် မြန်မာခေါင်းဆောင်များသည် နောင်တစ်ချိန်တွင် မြန်မာ့စီးပွားရေးအထီးကျန် ဖြစ်စေမည့် လမ်းစဉ်ကို တစ်စတစ်စ ရှေ့တိုးလာနေမိမှန်း ခေတ်သစ်စီးပွားရေးကြေကွဲဖွယ် ဇာတ်နာကို စတင်နေမိမှန်း ထိုစဉ်က ကိုယ့်ကိုယ်ကိုယ် သိကြမည် မဟုတ်ပါ။

၁၉၅၇ပြည့်နှစ်တွင် ဆရာလှမြင့် အင်္ဂလန်သို့ ပြန်ရောက်ပါသည်။ ဤတစ်ခေါက်တွင် အောက်စဖို့တက္ကသိုလ်၏ "ကိုလိုနီဘောဂဗေဒ"ကထိကအဖြစ် တာဝန်ယူသင်ကြားရန် ဖြစ်ပါသည်။ အမှန်တော့ ခေတ်နောက်ကျနေသော ခေတ်နှင့်မလျော်ညီတော့သော နေရာဖြစ်ပါသည်။ ပတ္တမြားမှန်သောကြောင့် နွံမနစ်ပါ။ ခေတ်နှင့်မလျော်ညီတော့သော ဘာသာရပ်ကို ခေတ်နှင့်ညီရုံမက ခေတ်သစ်ကိုပါ မွေးဖွားပေးမည့် ဘာသာရပ်အဖြစ် ပြောင်းလဲပေးလိုက်ပါသည်။ "ဖွံ့ဖြိုးမှုနည်းသောနိုင်ငံငယ်များ၏ ဘောဂဗေဒ" အဖြစ် ပြောင်းလဲလိုက်ပါသည်။ နောက်ပိုင်းတွင် "ဖွံ့ဖြိုးရေးဘောဂဗေဒ"အဖြစ် ယနေ့တိုင် သင်ယူလေ့လာနေကြရဆဲ ဘာသာရပ်ကြီး ဖြစ်လာပါသည်။ တရုတ်နှင့် အိန္ဒိယတို့ကဲ့သို့ လူဦးရေထူထပ်များပြားပြီး ရုပ်ပိုင်းဆိုင်ရာ ကြွယ်ဝမှု အကြီးအကျယ် ကျဆင်းနေသော နိုင်ငံများ၏ စီးပွားရေးတိုးတက်မှုအတွက် မည်သို့ စဉ်းစားမည်ဆိုသော မေးခွန်းအတွက် အားထုတ်ကြိုးပမ်းခဲ့ပါသည်။ ထို့အပြင် ထိုခေတ်က ကိုလိုနီအရာရှိများကို ဖွံ့ဖြိုးမှုအကြောင်း သင်ကြားရာတွင် နိုင်ငံတကာအထောက်အပံ့ တိုးမြှင့်ရေးအတွက် တွန်းအားပေးကြောင်း တွေ့ရှိခဲ့ပါသည်။ ဆရာလှမြင့်သည် အဖြေကို ကျိုးကြောင်းဆီလျော်စွာ ရှာဖွေရင်း အက်ဒမ်စမစ်ထံတွင် အဖြေရှာတွေ့ခဲ့ပါသည်။

[11] လေ့လာမှုနည်းသည့် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုသည် အဆိုပါအချက်ကို သိနားလည်ဟန် မတူပါ။ ဦးနုနေရာတွင် ဆာရန်တိုဗီလာမိန်နဲ့ခွန်းကို ပြောကြားသူ ဗိုလ်ချုပ်အောင်ဆန်းဆိုလျှင် မြန်မာ့စီးပွားရေး ကံကြမ္မာ တစ်မျိုးတစ်ဖုံ ပြောင်းနိုင်ချေ ရှိပါသည်။

၁၉၅၈ခုနှစ်တွင် ဆရာလှမြင့်သည် သူ၏နှလုံးသားရှိရာ မိခင်နိုင်ငံ မြန်မာပြည်တွင် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်အဖြစ် ကျန်ရှိနေသေးသော တိုင်းပြည်တာဝန်သိစိတ်ဖြင့် တာဝန်ထမ်းဆောင်ရန် ပြန်လာခဲ့ပါသည်။ ဆရာလှမြင့်သည် နိုင်ငံရေးအရည်အချင်းမရှိသဖြင့် အစိုးရအကြံပေးအဖြစ် မအောင်မြင်သော်လည်း တက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းရန်မှာမူ ပညာရေးဖြစ်သဖြင့် အစိုးရနှင့်လည်း အတိုက်အခံ ဖြစ်စရာမရှိဟု မှတ်ယူလေသည်။ ပညာရေးအစီအမံများအတွက်ဆိုလျှင် အစိုးရကလည်း ဝင်ရောက်စွက်ဖက်မည် မဟုတ်ဘဲ သူ့သဘောအတိုင်း ကြိုးစားလုပ်ကိုင်၍ ရပေလိမ့်မည်ဟု ထင်မိလေသည်။ ကံဆိုးစွာဖြင့် ဆရာလှမြင့် စိတ်ဒုက္ခရောက်ရမည့် အရေးကိစ္စများနှင့် ကြုံရပါတော့သည်။

၁၉၅၈ခုနှစ် ရန်ကုန်တက္ကသိုလ်သည် ကျောင်းသားများ၏ သပိတ်မှောက်ဆန္ဒပြမှုများ[12]၊ ပညာရေးအရည်အသွေးများ ကျဆင်းလာခြင်း၊ ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များ နိမ့်ချခေါ်ဆိုခြင်းနှင့် အခြားပြဿနာတို့ဖြင့် မတည်မငြိမ်ဖြစ်ကာ တက္ကသိုလ်အဆင့်အတန်း ကျဆင်းလျက် ရှိသည်။ ထိုအခြေအနေသည် ဆရာလှမြင့် လက်မခံနိုင်သော အခြေအနေဖြစ်ပြီး ပိုကောင်းမွန်သော အခြေအနေသို့ တက်လှမ်းနိုင်ရန် ဆရာက အားကြိုးမာန်တက် ကြိုးစားခဲ့ပါသည်။ ကြိုးစားသည်နှင့်အမျှ တစ်ဦးတည်း အထီးကျန် ဖြစ်လာပါသည်။ တက္ကသိုလ်တွင် တစ်ဦးတည်း ရုန်းကန်နေရရုံသာမက နောက်ပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုနှင့်ပါ ဆန့်ကျင်ဘက်ဖြစ်ရသည့် အခြေအနေ ရောက်လာပါတော့သည်။ ဝန်ကြီးချုပ်ဦးနုက ရန်ကုန်တက္ကသိုလ် နှစ်စဉ်ခေါ်ယူသည့် ကျောင်းသားအရေအတွက်ကို ၅၀၀၀ အထိ တိုးမြှင့်ချင်သည်။ ဆရာလှမြင့်က အများဆုံး ၃၀၀၀သာ ခေါ်ယူလိုပါသည်။ ဆရာ့တွင် ခိုင်မာသောအကြောင်းရင်း ၂ချက် ရှိသည်။ ပထမအချက်မှာ ကျောင်းသားများ၏ လက်ခံလောက်ဖွယ်ရာ အရည်အသွေးလိုအပ်ချက်ဖြစ်ပြီး ဒုတိယအချက်မှာ တက္ကသိုလ်၏ အဆောက်အအုံနှင့် စာသင်ခန်းများ ဝင်ဆံ့နိုင်မှုတို့ ဖြစ်ပါသည်။ ထိုအခြေအနေနှင့် ပတ်သက်သည့် ဆရာလှမြင့်၏ စေတနာနှင့် ထောက်ပြချက်တစ်ခုကို ဆရာမကွယ်လွန်ခင် ဖြေကြားခဲ့သော အင်တာဗျူးမှ ကြားသိရပါသည်။ *“တက္ကသိုလ်ဆိုတာ ပါမောက္ခဆရာတွေက စာသင်ခန်းတွေထဲမှာ လူတော်လေးတွေကို ဆွဲထုတ်ရတယ်။ အခန်းထဲမှာ ကျောင်းသားတွေ အရမ်းများနေရင် ကျွန်တော်တို့က လူတော်လေးတွေကို ဆွဲထုတ်လို့ မရဘူး”* ဤသို့ ပြောပါသည်။ ဆရာ့၏ စေတနာနှင့် အမြော်အမြင်သည် ဦးနု၏ နိုင်ငံရေးအာဏာကို အနိုင်မယူနိုင်ခဲ့ပါ။ ဝန်ကြီးချုပ်ဦးနုကို ဝင်ခွင့်မမှီသော

---

[12] ဆောင်းပါးရေးသူက ထွင်ရေးသားခြင်းမဟုတ်ပါ။ ရှောင်တန်းနဲလ်၏ ရေးသားချက်ကို ပြုပြင်လိုသော်လည်း ရှောင်သည် ဆရာလှမြင့်နှင့် အင်တာဗျူးမေးမြန်းခဲ့သည်ဟု ဆိုသဖြင့် ဆရာလှမြင့်၏အမြင်များ ဖြစ်လေမလား သံသယဖြင့် ထည့်သွင်းပေးခဲ့ပါသည်။ သို့သော် ဆန္ဒပြပွဲနှင့် ပညာရေးအရည်အသွေးကျဆင်းလာမှုအကြား တိုက်ရိုက်ဆက်စပ်မှုကို စာရေးသူက ရှာမတွေ့ပါ။ ဆန္ဒပြပွဲကြောင့် ပညာရေးအရည်အသွေးကျဆင်းသည်ဆိုပါလျှင် အနောက်တိုင်းပညာရေးသည် အရှေ့တိုင်းပညာရေးကို သာလွန်နိုင်မည်မဟုတ်။ လက်တွေ့ ကျနော်တို့မြင်နေရသည်မှာ ဆန့်ကျင်ဘက်သာ ဖြစ်ပါသည်။

ကျောင်းသားများက အသနားခံစာတင်ခဲ့ပါသည်။ တက္ကသိုလ်အကြီးအကဲအဖြစ် ကာလကြာမြင့်စွာ တာဝန်ယူနိုင်ရန်မှာ အခြေအနေက မကောင်းလှပါ။

အန္တရာယ်သည် မထင်မှတ်သော နေရာမှ မမျှော်လင့်ဘဲ ရောက်လာတတ်ပါသည်။ ဤစကားသည် ဆရာလှမြင့်အတွက် ၁၉၆၂ခုတွင် သွေးထွက်အောင် မှန်ခဲ့သည်။ ၁၉၆၂ခုနှစ်တွင် မြန်မာစစ်တပ်ခေါင်းဆောင် ဗိုလ်ချုပ်နေဝင်းသည် နိုင်ငံတော်အာဏာကို သိမ်းယူခဲ့သည်။ ပြင်းထန်သော အမျိုးသားရေးဝါဒကို ကိုင်စွဲကာ "ဗမာ့ဆိုရှယ်လစ်လမ်းစဉ်"ဆိုသည်ကို ကြေညာသည်။ မြန်မာပြည်တွင် မျိုးဆက်နှင့်ချီ နှစ်ပေါင်းများစွာ နေထိုင်လာသည့် အနောက်နွယ်ဖွားများနှင့် တရုတ်နွယ်ဖွား၊ အိန္ဒိယနွယ်ဖွားများကို နိုင်ငံတွင်းမှ နှင်ထုတ်ရန် အုပ်ချုပ်ရေးအသစ်က ကြိုးပမ်းလာခဲ့သည်။ ဆရာလှမြင့်ကို စိတ်ပျက်အားလျော့စေသည်မှာ မြန်မာပြည်နှင့် မြန်မာမှုကို အလွန်ချစ်မြတ်နိုးသော ဂျေအက်စ်ဖာနီဗယ်ကို ရာထူးမှ ထုတ်ပယ်ခြင်း ဖြစ်ပါသည်။ ဆရာလှမြင့်က ဖာနီဗယ်အကြောင်း မှတ်ချက်ပြုသည်မှာ ဆရာနှင့် ဖာနီဗယ်သည် ဘောဂဗေဒတွင် သဘောတူညီမှု အနည်းငယ်သာ ရှိသော်လည်း မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုကို မြတ်နိုးတာချင်း တူညီနေသည့်အတွက် ခင်မင်လေးစားမိပါသည်ဟူ၏။ ထို့အပြင် ဆရာလှမြင့်သည် ဖာနီဗယ် တင်ပြသည့် "ဗဟုလူ့အဖွဲ့အစည်း"ဆိုသည့် အယူအဆကိုလည်း လေးစားလက်ခံပါသည်။ အမျိုးသားရေးဝါဒီများသည် သူတို့၏ ကမ္ဘာငယ် အပြင်ဘက်သို့ ထွက်ကြည့်ခဲ့သင့်သည်ဟု ဆရာက ယူဆပါသည်။ ဆရာလှမြင့်နှင့် ဖာနီဗယ်တို့ အမြင်တူပြန်သည်မှာ ၁၉၅ဝတစ်ဝိုက်က ဖာနီဗယ်၏ "မြန်မာနိုင်ငံသည် ကုန်သွယ်ရေးတွင်သာမက နိုင်ငံသားအသိအမှတ်ပြုသည့် အရေးကိစ္စတွင်ပင် အားလုံးပါဝင်နိုင်သည့်ချဉ်းကပ်မှု ကိုင်စွဲကာ အမြင်ကျယ်ကျယ် ရှိကြဖို့" ဟူသော အယူအဆ ဖြစ်ပါသည်။ ဖာနီဗယ်အစ ရန်ကုန်တက္ကသိုလ် သမိုင်းပါမောက္ခ ဂေါ်ဒွန်လုစ် အဆုံး အားလုံးသည် အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့က စေလွှတ်ထားသော သူလျှိုများ ဖြစ်နိုင်သည်ဟု အုပ်ချုပ်ရေးသစ်၏ ခေါင်းဆောင် ဦးနေဝင်းက သံသယရှိခဲ့ပါသည်။ ထိုသို့ စွပ်စွဲမှုများကြောင့် ဆရာလှမြင့်သည် ပါမောက္ခချုပ်တာဝန်မှ နုတ်ထွက်ခဲ့ပြီး နောက်ပိုင်း မြန်မာပြည် ပြန်မလာဖြစ်တော့ပါ။



Photo: Professor Hla Myint and class, 1964, LSE Library. Professor Peter Banes seated at side. Photograph taken during the making of a BBC documentary.

၁၉၆၅ခုနှစ်အထိ အောက်စဖို့တက္ကသိုလ်တွင် ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၆၅ခုနှစ်တွင် လန်ဒန်ဘောဂဗေဒကျောင်းတော်က ပါမောက္ခအဖြစ် ဆရာလှမြင့်ကို ခန့်အပ်ခဲ့ပါသည်။ ၁၉၈၅တွင် ဆရာလှမြင့်သည် လန်ဒန်ဘောဂဗေဒကျောင်းတော်၏ ဂုဏ်ထူးဆောင်ပါမောက္ခ ဖြစ်လာပါသည်။ အချို့သောနှစ်များတွင် ဆရာလှမြင့်သည် ကမ္ဘာ့ဘဏ်ကို အကြံပေးအဖြစ် အကူအညီပေးခဲ့ပါသည်။ ၂၀၀၅ခုနှစ်မှစ၍ ဆရာ့ဇနီးဆုံးပါးသည်အထိ ဘန်ကောက်တွင် အခြေချခဲ့ပါသည်။

## ၃။ ဘောဂဗေဒသီအိုရီများအတွက် ဆရာလှမြင့်၏ ပညာရပ်ပိုင်း အားထုတ်ပါဝင်မှုများ

### ၃.၁။ ဆရာလှမြင့်သည် အောက်စဖို့တက္ကသိုလ်နှင့် လန်ဒန်ဘောဂဗေဒကျောင်းတော်၌ ပညာသင်ကြားပေးနေစဉ်အတွင်း ဘောဂဗေဒပညာနယ်ပယ်တွင် ယနေ့တိုင် အစွန့်ရှည်တည်တံ့မည့် ပညာရပ်ပိုင်းဆိုင်ရာ စာပေများကို ဆက်တိုက် ရေးသားခဲ့ပေသည်။

ဆရာလှမြင့်၏ စာပေများသည် များသောအားဖြင့် “စီးပွားရေးတစ်ခု၏ ကုန်သွယ်ရေးတံခါးဖွင့်မှုအတိုင်းအတာသည်

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် မည်သို့ သက်ရောက်ကြောင်း” မေးခွန်းနှင့် ပတ်သက်ဆက်နွယ်ပါသည်။ ဆရာလှမြင့်သည် ကျမ်းရိုးဟောင်းဘောဂဗေဒအစဉ်အလာအတွင်းမှ “တိုင်းပြည်တစ်ပြည်သည် စည်းစိမ်နှင့် ကြွယ်ဝချမ်းသာမှုရလျှင်/ တိုးပွားရန် မည်သည့်အရာများက ဆောင်ကြဉ်းပေးနိုင်မည်နည်း” ဆိုသည့် ကြီးမားသောမေးခွန်းကို ဖြေဆိုနိုင်ရန် ကျားကုတ်ကျားခဲ ကြိုးပမ်းအားထုတ်ခဲ့ပါသည်။ ဆရာလှမြင့်၏ ၁၉၄၈ခုနှစ်ထုတ် ပညာရပ်စာအုပ် “သုခဘောဂဗေဒသီအိုရီများ (Theories of Welfare Economics)” တွင် ဤကဲ့သို့ ဖော်ပြထားပါသည်။ (ရှောင်တန်နယ်လ်၊ ၂၀၁၄)

အဒမ်စမစ်မှ ဂျွန်စတူးဝပ်မေးလ်အထိ အမျိုးမျိုးသော ကျမ်းရိုးဟောင်းဘောဂဗေဒအယူအဆများထဲမှ တညီတညွတ်တည်းဆိုကြသည့် ဗဟိုစည်းမျဉ်းမှာ အောက်ပါအခြေခံကျသည့် အဆိုဖြစ်ပါသည်။ လုပ်သားတို့၏ ရုပ်ပိုင်းထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ခြင်းဖြင့်လည်းကောင်း၊ သဘာဝအတိုင်း ရှိထားသည့် ထုတ်လုပ်နိုင်သော ရင်းမြစ်များကို ဉာဏ်ရည်နိမ့်ပါးစွာ ဒီအတိုင်း လက်ခံပြီး စက်မှုအမျိုးမျိုးတွင် ခွဲဝေအသုံးချခြင်းထက် စီးပွားရေးလုပ်ဆောင်မှု စုစုပေါင်းထုထည်ကို တိုးမြှင့်ခြင်းဖြင့်လည်းကောင်း လူ့အဖွဲ့အစည်းတစ်ခုလုံး၏ စီးပွားရေးသုခကို ပိုမိုထိရောက်စွာ မြှင့်တင်နိုင်ပါသည်။ စီးပွားရေးသုခကို မြှင့်တင်နိုင်ရန် ကျမ်းရိုးဟောင်းဘောဂဗေဒက ညွှန်းဆိုသည့် အဓိကကျသည့် မူဝါဒဆေး(၂)မျိုး ရှိပါသည်။

(၁) လွတ်လပ်သော ကုန်သွယ်ရေး။

လွတ်လပ်သောကုန်သွယ်ရေးသည် အလုပ်ခွဲဝေလုပ်ကိုင်ခြင်း၏ ကျယ်ဝန်းမှုနယ်ပယ်ကို တိုးချဲ့ပေးပြီး ထုတ်လုပ်နိုင်စွမ်းရှိသော အခြေခံထုထဲသို့ သစ်လွင်သော ရင်းမြစ်များကို ယူဆောင်လာပါသည်။

(၂) အရင်းအနှီးစုဆောင်းတိုးပွားစေခြင်း။

အရင်းအနှီးစုဆောင်းတိုးပွားနေသော လူ့အဖွဲ့အစည်းသည် ပိုမိုများပြားသော လုပ်သားများကို ထိန်းသိမ်းထားနိုင်စေသည်။ (လှမြင့်၊ ၁၉၄၈၊ စာ-၁၂) (ရှောင်တန်နယ်၊ ၂၀၁၄)

ဆရာလှမြင့်သည် ကျမ်းရိုးဟောင်းဘောဂဗေဒစာပေ၏ သာမန်ကျော်ကြားသူမျှသာ မဟုတ်ပါ။ ဆရာလှမြင့်သည် ကျမ်းရိုးဟောင်းဘောဂဗေဒစာပေကို အကြီးအကျယ် နယ်ပယ်သစ်ချဲ့ထွင်နိုင်ခဲ့ပါသည်။ အထင်ရှားဆုံးမှာ “ပိုလျှံမှုရလမ်း (Vent for Surplus)” သီအိုရီကို ချဲ့ထွင်ပြင်ဆင်ခြင်း ဖြစ်ပါသည်။ သီအိုရီကို မူလအစ တင်ပြခဲ့သူမှာ “နိုင်ငံများ၏ ဥစ္စာဓနေ”ကို ရေးသားစီရင်သူ အဒမ်စမစ် ဖြစ်ပါသည်။ အဆိုပါသီအိုရီသည် မြန်မာပြည်နှင့် ထဲထဲဝင်ဝင် ပတ်သက်နေပါသည်။ ဆရာ့ကြိုးပမ်းအားထုတ်မှုသည် အခုအခါ အင်စတီကျူးရှင်း ပြုပြင်ပြောင်းလဲရေးဟု ခေါ်ဆိုနေကြသည့် ကောင်ကျိုးပြုပြီး ဖြစ်နေပြန်ပါသည်။ နောက်ပိုင်းတွင်

ဖွံ့ဖြိုးမှုဘောဂဗေဒတွင် အခုအချိန်အထိ တည်ရှိနေဆဲ ပညာရပ်အငြင်းအခုံ ဖြစ်နေပါသည်။ နိုင်ငံခြားအထောက်အပံ့နှင့် ပညာရေးမှ ချေးငွေ၊ အမတော်ကြေးများ၏ အန္တရာယ်နှင့် လယ်သမားများကို ပိုင်ခွင့်နှင့် လွတ်လပ်မှုများ ပေးအပ်ခြင်း၏ ကောင်းကျိုးအထွေထွေအထိ လက်တွေ့မူဝါဒနယ်ပယ်များအတွက် ထိုးထွင်းသိမြင်ချက်များသည် ဆရာလှမြင့်၏ သုတေသနများတွင် ပါဝင်နေပေသည်။ (ရှောင်တန်နယ်လ်၊ ၂၀၁၄)

ဆရာလှမြင့်၏ ဘောဂဗေဒစာပေအတွက် ကြီးမားလှသော ကြိုးပမ်းအားထုတ်ချက်များကို ဤနေရာတွင် အပြည့်အဝ တင်နိုင်ရန်မှာ စာရေးသူလုပ်ဆောင်နိုင်စွမ်း၏ အလွန်တွင် တည်ရှိနေပါသည်။ ဆရာ့၏ ပညာရပ်ဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများအားလုံးအနက်မှ (မြန်မာပြည်၏ ပြဿနာနှင့် ဖြစ်တန်ခြေတို့ထက်ပိုပြီး) အချို့ကိုသာ တင်ပြနိုင်မည် ဖြစ်ပါသည်။ (ရှောင်တန်နယ်လ်၊ ၂၀၁၄)

အဒမ်စမစ်၏ "ပိုလျှံမှုရလမ်း" သီအိုရီအပေါ် ဆရာလှမြင့်၏ ချဲ့ထွင်ချက်သည် ဘောဂဗေဒစာပေတွင် *Smith-Myint Vent for Surplus* ဟု ရည်ညွှန်းကြပါသည်။ အစဉ်အလာသီအိုရီအရ ကုန်သွယ်ရေး၏ အကျိုးကျေးဇူးနှင့် ရရှိမှုတို့သည် လုပ်သားရင်းမြစ်ကို အပြည့်အဝ အသုံးပြုနိုင်ခြင်းနှင့် ပိုမိုသက်သာသော နှိုင်းရဈေးနှုန်း (ဈေးနှုန်းအသစ်) ဖြစ်ပေါ်လာခြင်း တို့ဖြစ်ပါသည်။ ဆရာလှမြင့်သည် ကုန်သွယ်ရေးနည်းပါးသည့်အတွက် စီးပွားရေးအရ အထီးကျန်ဖြစ်နေသည့် မြန်မာပြည်ကဲ့သို့ နိုင်ငံမျိုးအတွက် လုပ်သားရင်းမြစ်များ ရှိပါလျက် အသုံးမပြုနိုင်သည့်အတွက် အရင်းအမြစ်များ ပိုလျှံနေသော နိုင်ငံမျိုးအတွက် အသေးစိတ်ဆန်းစစ်ချက်အသစ် ပြုစုခဲ့ခြင်း ဖြစ်ပါသည်။ ၁၈၈၅မတိုင်ခင် မြန်မာပြည်သည်လည်းကောင်း၊ ၂၀၁၀မတိုင်ခင် မြန်မာပြည်သည်လည်းကောင်း ကုန်သွယ်ရေးနည်းပါးရာက အရင်းအမြစ် ပိုလျှံခဲ့သည်ဟု ဆိုရပါမည်။ "*ကုန်သွယ်ရေးကို တိုးမြှင့်ကာ အသုံးမပြုရသေးသော ရင်းမြစ်များအတွက် ထိရောက်သော ဝယ်လိုအားအသစ်ကို ဖန်တီးပေးရမည်၊ သုံးပြီးသားအရင်းအမြစ်များကို ပြန်လည်ခွဲဝေရန် မဟုတ်ပါ။*" ဆရာလှမြင့်သည် ၁၉၅၈ခုနှစ်ထုတ် "နိုင်ငံတကာကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျမ်းရိုးဟောင်းသီအိုရီ" ပညာရပ်ဆောင်းပါးတွင် အထက်ပါအတိုင်း တင်ပြရေးသားခဲ့ပါသည်။

၃.၂။ ကုန်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအကြား ကျိုးကြောင်းချိတ်ဆက်မှုသည် ဆရာလှမြင့်၏ ပညာရပ်စာပေလက်ရာများတွင် လွှမ်းမိုးနေသော အကြောင်းအရာ ဖြစ်ပါသည်။ ထိုချိတ်ဆက်မှုကို တူးဆွရေးသားရာတွင် ပိုလျှံမှုရလမ်းသီအိုရီကို ကျော်လွန်ကာ "အင်စတီကျူးရှင်းများ ပြုပြင်ပြောင်းလဲရေး"အထိ ရောက်ရှိခဲ့ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အင်စတီကျူးရှင်းများ၏ အရေးပါမှုသည် ယခုအခါ အများက လေ့လာနေကြသည့် ပညာရပ်ဆိုင်ရာ စိတ်ဝင်စားမှု ဖြစ်လာပါပြီ။ ထိုအတွေးအခေါ်သည် ဘောဂဗေဒနိဘယ်ဆုရသည့် စာပေလက်ရာ အနည်းဆုံးတစ်ခု၏ အခြေခံဖြစ်ပါသည်။ ဆရာလှမြင့်၏ ထိုအချိန်က

စူးစိုက်လေ့လာမှုသည် ခေတ်ရှေ့ပြေးခဲ့ပါသည်၊ ပညာရပ်အတွေးအခေါ်ပိုင်းတွင် ရှေ့ဆောင်ဦးရွက် ပြုခဲ့ပါသည်။ ဥပမာ- ဆရာလှမြင့်၏ (၁၉၇၃ခုထုတ်) ပညာရပ်စာပေလက်ရာတွင် ထိုခေတ်က ဖက်ရှင်တစ်ခုကဲ့သို့ ရေပန်းစားနေသော ရုစတိုး၏ (၁၉၆၀ ပြည့်နှစ်ထုတ်) တိုးတက်ရေးသီအိုရီကို သံသယမျက်လုံးဖြင့် သုံးသပ်ခဲ့ပါသည်။
“သယ်ယူပို့ဆောင်ရေးစနစ်နှင့် လျှပ်စစ်ဓာတ်အားပေးရုံကဲ့သို့ မြင်ရသော ရုပ်ဝတ္ထုပိုင်း အခြေခံအဆောက်အအုံများကို ဖွံ့ဖြိုးမှုနည်းပါးသော နိုင်ငံများတွင် *ပြဋ္ဌာန်း*ပေးခြင်းနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြချက်များစွာရှိသော်လည်း လူမှုအခြေခံအဆောက်အအုံများနှင့် အင်စတီကျူးရှင်းဆိုင်ရာ အခြေခံအဆောက်အအုံများကိုမူ တိုင်းပြည်တိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်သော တင်ကြိုအခြေအနေများအဖြစ် ဆွေးနွေးတင်ပြချက်များမှာမူ အလွန်နည်းပါးပါသေးသည်။ ဖွံ့ဖြိုးမှုနည်းပါးသော နိုင်ငံများအားလုံးသည် ရှည်လျားသော ပြေးလမ်းကို လုံလုံလောက်လောက် တည်ဆောက်ကာ ပြေးလမ်းပေါ်တက် အရှိန်မြှင့် အဇဋ္ဌာကောင်းကင်ယံသို့ ပျံသန်းတက်လှမ်းရန် အဆင်သင့်ဖြစ်နေပြီး နောက်ဆုံးအနေနှင့် လိုအပ်သည်မှာ မြင့်မားသောအရှိန်သာ ဖြစ်သည်” ဆိုသော စဉ်းစားချက်ကို များစွာသော ဆွေးနွေးတင်ပြချက်များတွင် အခြေပြုထားပါသည်။”

ဆရာလှမြင့်သည် ၁၉၆၀ပြည့်လွန်နှစ်များက စာပေလက်ရာများမှ ၁၉၉၀ပြည့်လွန်နှစ်များက စာပေလက်ရာများအထိ အင်စတီကျူးရှင်းများ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ကို တူးဆွဖော်ထုတ်နေခဲ့ပါသည်။ (ဆရာလှမြင့်သည် “အဖွဲ့အစည်းစနစ်”ဆိုသော စကားလုံးကို အများဆုံး အသုံးပြုခဲ့ပါသည်။) ၁၉၉၆ခုနှစ်ထုတ် ဒီဖက်ခ်လားနှင့် တွဲဖက်ရေးသားသော စာအုပ်တွင် ဆရာလှမြင့်သည် သူ၏ တူးဆွဖော်ထုတ်ချက်များအားလုံးကို အနှစ်ချုပ်တင်ပြခဲ့ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုသည် ၎င်းစီးပွားရေးအဆောက်အအုံကို ပြန်လည်တည်ဆောက်ရန် အင်စတီကျူးရှင်းအစီအမံများကို အသွင်ပြောင်းခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍတံခါးဖွင့်ခြင်းကို အသုံးပြုနိုင်ပါသည်။ ပထမအဆင့်အနေဖြင့် လိုအပ်သည်မှာ ပိုလျှံမှုရလမ်း နည်းနာဖြင့် နိုင်ငံတကာမှ အသေးစားလယ်သမားများကို အလဲအလှယ်အဖြစ် သွင်းယူရန်၊ စီးပွားရေးအရွယ်အစားကို ကြီးမားအောင် ချဲ့ထွင်ရန်နှင့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ၊ အခြားအခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ရန်တို့ ဖြစ်ပါသည်။

“လယ်သမားမိသားစုများကို လဲလှယ်မည့် စီးပွားရေးအဆောက်အအုံထဲသို့ ယူဆောင်လာခြင်းသည် လယ်သမားထုတ်ကုန်များ၊ ပို့ကုန်များ တိုးချဲ့ရေးအတွက် ဖြစ်ပြီး ဈေးကွက်စနစ် ဖွံ့ဖြိုးတိုးတက်စေရန် ဦးတည်ပါသည်။ ရိုးရာကဏ္ဍ၏ ဈေးကွက်စရိတ်နှင့် အဖွဲ့အစည်းစရိတ်ကို လျှော့ချရာတွင် စွမ်းအားကြီးသော အကြောင်းခြင်းရာ ဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး တိုးတက်မှုများကြောင့် ဒေသန္တရဈေးကွက် ကျယ်ပြန့်လာပြီး ဈေးကွက်ငယ်များမှသည် နိုင်ငံလုံးဈေးကွက်ကြီးဆီသို့ ချိတ်ဆက်ဖြန့်ကြက်နိုင်ပါသည်။

အလုပ်ခွဲဝေလုပ်ကိုင်ခြင်းနှင့် အလုပ်စုံစိုက်လုပ်ကိုင်ခြင်းတို့မှတစ်ဆင့် စီးပွားရေးတိုးတက်မှုဆီသို့ လမ်းဖောက်နိုင်ပါသည်။" (လှမြင့်နှင့် ဒီဖက်ခ်လား၊ ၁၉၉၆၊ စာ-၁၆၄)

ထိုသို့ ဖွံ့ဖြိုးတိုးတက်မှုများသည် နိုင်ငံတွင်း စီးပွားရေးအဖွဲ့အစည်းစနစ်ကြီး အပြည့်အဝ အသွင်းမပြောင်းပြီးခင်အထိ ဆက်လက် ဖြစ်ပေါ်နေပါလိမ့်မည်၊ ပထမဆုံးနှင့် အအောင်မြင်ဆုံး အာရှကျားနိုင်ငံများကို နမူနာယူလျက် ဆရာလှမြင့်နှင့် ဒီဖက်ခ်လားသည် ဖြစ်စဉ်ကို ရှင်းပြပါသည်။

"မှတ်သားဖွယ်ကောင်းသော ထိုင်ဝမ်နှင့် တောင်ကိုရီးယားတို့၏ လုပ်သားအခြေပြု နိုင်ငံခြားပို့ကုန်များ ချဲ့ထွင်ခြင်းသည် စီးပွားရေးအဖွဲ့အစည်းစနစ်ကို မမြှင့်တင်ဘဲ မဖြစ်နိုင်ပါ။ ထိုစီးပွားရေးအဖွဲ့အစည်းစနစ် မြှင့်တင်မှုမှာလည်း စိုက်ပျိုးရေးကဏ္ဍက ပျံ့နှံ့လာခြင်း ဖြစ်ပါသည်။ ပြည်တွင်းဈေးကွက် ကျယ်ပြန့်လာခြင်း၊ အသေးစားစက်မှုလုပ်ငန်းရှင်များနှင့် အသေးစားလယ်သမားများအကြား မျှဝေသုံးစွဲသည့် သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်၊ ဈေးကွက်နှင့် ချေးငွေစနစ်တို့သည် စီးပွားရေးတစ်ခုလုံး၏ အထွေထွေလုပ်ငန်းစရိတ်ကို ကျဆင်းစေပါသည်။ နောက်ဆုံးအနေဖြင့် အသေးစားစက်မှုလုပ်ငန်းရှင်များနှင့် အသေးစားလယ်သမားများအကြား ပုဂ္ဂိုလ်ရေးရင်းနှီးမှုသည် ဒေသနှင့် ကိုက်ညီသော အသေးစားစက်မှုတီထွင်မှုကို လှုံ့ဆော်ပြီး အသေးစားလယ်သမားများအကြားတွင်လည်း စွန့်ဦးတီထွင်မှုစွမ်းရည်ကို အားပေးနေပါသည်။" (လှမြင့်နှင့် ဒီဖက်ခ်လား၊ ၁၉၉၆၊ စာ-၃၄၂)

၃.၃။ ခေတ်သည် "စီမံကိန်းခေတ်" ဖြစ်နေသည့်အလျောက် ဖွံ့ဖြိုးရေးဘောဂဗေဒပညာရှင်များနှင့် အစိုးရတို့သည် စီမံကိန်းပုံစံအမျိုးမျိုး၊ စီမံကိန်းအကျယ်အဝန်းအမျိုးမျိုးကို အကြံပေးနေကြချိန်တွင် ဆရာလှမြင့်သည် သူ၏ ပရော်ဖက်ရှင်နယ်သက်တမ်းအချိန်အများစုကို ပညာရပ်စာပေ ရေးသားခြင်းဖြင့် ကုန်ဆုံးစေခဲ့ပါသည်။ မြန်မာပြည်တွင် ပျော့ပျောင်းပြီး ဒီမိုကရေစီနည်းကျသော ပြည်တော်သာစီမံကိန်းကို ၁၉၅၂ခုနှစ်တွင် စတင် အကောင်အထည်ဖော်ခဲ့ပါသည်။ ဗဟိုက အပြည့်အဝ ချုပ်ကိုင်သော (ဦးနေဝင်း၏) ဆိုရှယ်လစ်လမ်းစဉ်သည် မြန်မာပြည်အတွက် ဘေးဒုက္ခဝေစေခဲ့ပါသည်။ ဆရာလှမြင့်၏ အမြင်တွင် ထိုစီမံကိန်းနှစ်မျိုးနှစ်စားလုံးသည် မြန်မာပြည်ကို ဒုက္ခပေးမည့် လက္ခဏာ စွဲကပ်နေပါသည်။ ကိုလိုနီပုံစံ လေဆီဖဲယားစနစ်ကို လိုသည်ထက်ပိုပြီး တုံ့ပြန်ခြင်း ဖြစ်ပါသည်။ ဆရာလှမြင့်သည် အလွန်ခြားနားသော ကျမ်းရိုးဟောင်းဘောဂဗေဒအစဉ်အလာမှ ကြည့်ပြီး အလွန်ခြားနားသော အခြေခံစဉ်းစားပုံဖြင့် စဉ်းစားခဲ့ပါသည်။ ၁၉၆၄ခုနှစ် "စီမံကိန်းခေတ်" မကုန်သေးခင်မှာပင် အောက်ပါအတိုင်း ရေးသားခဲ့ပါသည်။

"အစိုးရက ဗျူရိုကရေစီယန္တရားနှင့်အတူ ရှားပါးသော ရင်းမြစ်များကို တိုက်ရိုက်စီမံခြင်းနှင့် စီးပွားရေးအဆောက်အအုံတွင်း မတူညီသောကဏ္ဍများ၏ စီမံကိန်းများကို ညှိနှိုင်းဆော်ဩခြင်းတို့သည် နှေးကွေး၊ ရှုပ်ထွေးပြီး ထိရောက်မှုလည်း မရှိပါ။ တိုက်ရိုက်ထိန်းချုပ်မှုမျိုးစံကို ညှိနှိုင်းဆော်ဩရင်း အခက်အခဲနှင့် ကြန့်ကြာမှုများ ဖြစ်ပွားပါလိမ့်မည်။ ခက်ခဲကြန့်ကြာနေရသည့် အချိန်အတိုင်းအတာတစ်ခု ကျော်သွားပါက စီးပွားရေးလုပ်ဆောင်မှုများအားလုံး သွက်ချာပါဒလိုက်သွားပါမည်။ အုပ်ချုပ်ရေးစနစ် ကောင်းစွာ ဖွံ့ဖြိုးပြီး နိုင်ငံများတွင်ပင် အထက်ပါအတိုင်း ဖြစ်ပွားနိုင်ပါသည်။" (လှမြင့်၊ ၁၉၆၄၊ စာ-၁၄၄)

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အစောပိုင်းအဆင့်များတွင် အစိုးရသည် ရှေ့ဆောင်ဦးရွက်ပြုသည့်အခန်းကဏ္ဍ၌ ရှိသင့်သည်ဟူသော အယူအဆကိုလည်း ဆရာလှမြင့်က ငြင်းပယ်ပါသည်။ ပုဂ္ဂလိကကဏ္ဍက အသစ်သစ်သော နယ်ပယ်များနှင့် အန္တရာယ်မြင့်မားသောနယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံရန် တုံ့ဆိုင်းနေသည် ဆိုလျှင်ပင် ငြင်းပယ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အချို့သော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အစိုးရသည် အထက်ပါအယူအဆကို အကြောင်းပြကာ ပုဂ္ဂလိကကဏ္ဍက အောင်မြင်စွာ စွမ်းဆောင်ပြီးသော ကဏ္ဍများကို နိုင်ငံပိုင်သိမ်းပစ်ပြီး အထက်ပါအယူအဆနှင့် ပြောင်းပြန် ပြုမူပါသည်။ ဆရာလှမြင့်က ထိုသို့ ရေးသားနေချိန် မြန်မာပြည်တွင် စက်မှုလုပ်ငန်းများမှစ၍ ရပ်ကွက်စတိုးဆိုင်ကလေးအထိ စီးပွားရေးလုပ်ငန်းများကို အလုံးအရင်းဖြင့် နိုင်ငံပိုင်သိမ်းနေပါသည်။

၃.၄။ ၁၉၆၄ခုနှစ်ထုတ် စာပေလက်ရာတွင် ဆရာလှမြင့်က "ဖွံ့ဖြိုးပြီးနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများအား အကူအညီထောက်ပံ့ပြဋ္ဌာန်းရန် စွမ်းရည်နှင့် နိုင်ငံရေးဆန္ဒ ရှိပါသည်" ဟု အသိအမှတ်ပြုပါသည်။ သို့သော် ဖွံ့ဖြိုးပြီးနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသော အမျိုးမျိုးသော ကုန်သွယ်ရေးအတားအဆီးများ ဖယ်ရှားရန်ကိုမူ တွန့်ဆုတ်နေကြသည်ဟု ဆရာလှမြင့်က ဝေဖန်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပို့ကုန်များ (အထူးသဖြင့် စိုက်ပျိုးရေးပို့ကုန်များ)ကို ဖွံ့ဖြိုးပြီးနိုင်ငံများက ကုန်သွယ်ခွန်များ၊ ကုန်သွယ်နိုင်သည့်ပမာဏသတ်မှတ်ချက်များဖြင့် ပို့ကုန်များကို တားဆီးပိတ်ပင်ထားပါသည်။ ထို့ကြောင့် ဆရာလှမြင့်က အခုလို ရေးပါသည်။ "နိုင်ငံတကာအထောက်အပံ့များ ပိုမိုပေးအပ်လာသည်ဆိုသည့် သတင်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုရရန် ပိုမိုအရေးကြီးသော ပြဿနာများကို ဖြေရှင်းဖို့ နိုင်ငံအများ၏ စိတ်ဝင်စားမှုကို အာရုံထွေပြားစေပါသည်။" (Turnell, 2014)

၃.၅။ နိုင်ငံတကာလုပ်ငန်းများကို ပြည်တွင်းသို့ ဆွဲဆောင်ခေါ်ယူခြင်းနှင့် ပတ်သက်၍ "အခွန်သက်သာခွင့်"များ ပေးအပ်ကာ ဖိတ်ခေါ်နေခြင်းထက် စီးပွားရေးလုပ်ငန်းများ၏ အလုံးစုံပတ်ဝန်းကျင်သည် ၎င်းတို့ အမြတ်ရရန် ဖြစ်နိုင်ခြေကိုသာ တိုးမြှင့်ပေးရန် ဆရာလှမြင့်က တိုက်တွန်းပါသည်။ အထွေထွေစရိတ်သက်သာခြင်း၊

လုပ်သားထုတ်လုပ်နိုင်စွမ်းမြင့်မားခြင်း၊ ဒေသပြည်သူတို့၏ စီးပွားရေးစွမ်းရည်ကောင်းမွန်ခြင်းနှင့် ရုပ်ပိုင်းနှင့် အခြားအခြေခံအဆောက်အအုံများ ကောင်းမွန်ပြည့်စုံခြင်းတို့ကြောင့် တိုင်းပြည်ကို နိုင်ငံခြားစီးပွားရေးလုပ်ငန်းများ ဝင်ရောက်ရင်းနှီးခြင်းသာလျှင် ဖြစ်သင့်ပါသည်ဟု ဆရာလှမြင့်က ယူဆပါသည်။ (Turnell, 2014) (Hla Myint, 1972)

၃.၆။ နိုင်ငံတော်အမတော်ကြေးများဖြင့် ပြည်တွင်းလုပ်ငန်းများကို ကျားကန်ထောက်ပံ့ပေးခြင်းမှာလည်း ထိရောက်မှုမရှိဘဲ နိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍသည်သာ တဖြည်းဖြည်း ကျဆင်းလာရသည်။ ထိုအဖြစ်မျိုးသည် မြန်မာပြည်တွင် ဖြစ်ပေါ်ခဲ့ပြီး ၁၉၆၂ ဆိုရှယ်လစ်လမ်းစဉ် အပြည့်အဝနိုင်ငံတော်ပိုင်ပြုခြင်းအောက်တွင် လုံးဝပြိုလဲကျဆုံးခဲ့ရပါသည်။ (Turnell, 2014) မည်သို့ ဖြစ်ပေါ်ခဲ့သည်ကို ဆရာလှမြင့်က အောက်ပါအတိုင်း တင်ပြခဲ့ပါသည်။

"ထိုသို့သော မူဝါဒအမျိုးအစားကို စက်မှုအသွင်ကူးပြောင်းရေး အားပေးရန် နိုင်ငံအချို့တွင် အတိတ်ကာလတုန်းက အသုံးပြုခဲ့ဖူးပါသည်။ ပထမအချက်မှာ ချေးငွေလွယ်ကူစွာ ရယူနိုင်သူတို့သည် တမင်*လျှော့*ချထားသော အတိုးနှုန်းဖြင့် ချေးငွေရသ*ဖြင့်* လုပ်သားအခြေပြုနည်းနာထက် အရင်းအနှီးအခြေပြုနည်းနာကို ကိုင်စွဲရန် ဆွဲဆောင်နေပါသည်။ ဒုတိယအချက်မှာ ဝယ်လိုအားနှင့် ရောင်းလိုအားညီမျှနေသော အတိုးနှုန်း*ကို* နှိမ့်ချလိုက်ခြင်းကြော*င့်* ဝယ်လိုအားတက်လာပြီး အစိုးရအေဂျင်စီများသည် မြင့်တက်လာနေသော အစိတ်အပိုင်း*ကို* ရယူလိုက်ပါသည်။ ဒီဇိုင်းဆင်ထားသည် ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ ထိုလုပ်ပုံကိုင်ပုံစနစ်မျိုးသည် လုပ်ငန်းငယ်များထက် လုပ်ငန်းကြီးများကို "ပစားပေး'နေပါသည်။ နောက်ဆုံးအနေဖြင့် တမင်နှိမ့်ချထားသည့် အတိုးနှုန်းသည် တိုင်းပြည်က လိုအပ်သော စုဆောင်းမှုကို လျှော့ကျစေပြီး စုဆောင်းမှု၏ အစစ်အမှန်တန်ဖိုးမှာလည်း ငွေကြေးဖောင်းပွမှု၏ တိုက်စားခြင်းခံရပါတော့သည်။"

ဆရာလှမြင့်၏ ၁၉၇၂ခုနှစ်ထုတ် မူဝါဒဆန်းစစ်ချက်တွင် ကဏ္ဍတစ်ခုကို နိုင်ငံတော်က အားပေးအားမြှောက်ပြုကာ ထောက်ပံ့လိုပါက သွင်းအားစု-ထွက်ကုန်ဆန်းစစ်ချက်ကို ထည့်သွင်းတွက်ချက်ရမည်။ သို့မှသာ နိုင်ငံတော်က သုံးလိုက်သော စရိတ်နှင့် ရင်းမြစ်များသည် စီးပွားရေးအရ တွက်ချေကိုက်မကိုက်၊ ထိရောက်မှုရှိ၊ မရှိ သိရှိနိုင်မည်။ ထိုသို့ မတွက်ချက်ပါက စီးပွားရေးအရ ထိရောက်ရှိ၊ မရှိကို မသိနိုင်ဘဲ ပြည်သူများအတွက် အထွေထွေစရိတ်သာ တက်လာနိုင်ပါသည်။ ဆရာလှမြင့်သည် အစိုးရများ လုပ်နည်းကိုင်နည်းကို ရိုးသားပွင့်လင်းစွာ ရှင်းပြထားပါသည်။ ဆရာလှမြင့်၏ ဆန်းစစ်ချက်အရ အမတော်ကြေးများ ထောက်ပံ့ခြင်းသည် များသောအားဖြင့် စီးပွားရေးအရ မထိရောက်တတ်သော်လည်း ၁၉၇၂ခုနှစ်ထုတ် မူဝါဒဆန်းစစ်ချက်တွင် မလေးရှားနိုင်ငံသည် မလေးအမျိုးသားပိုင်ရာဘာလုပ်ငန်းများကို အမျိုးသားရေးအခြေပြုကာ ကျားကန်ထောက်ပံ့နေသော်လည်း

ဆရာက မူဝါဒဆန်းစစ်ချက်ရေးသားချိန်အထိ စီးပွားရေးအရ ယိုယွင်းမှုကို မတွေ့ရသေးကြောင်း အမှန်အတိုင်း ရှိုးသားစွာ အစီရင်ခံထားပါသည်။ (Hla Myint, 1972)

၃.၇။ ဆရာလှမြင့်သည် "လွတ်လပ်သောဈေးကွက်"အယူအဆ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော "ဈေးကွက်သည်သာလျှင် စီမံကိန်းအပေါ် အောင်ပွဲဆင်နိုင်လိမ့်မည်"ဆိုသည်ကို ယုံကြည်ထောက်ခံပါသည်။ သို့သော် "လွတ်လပ်သော ဈေးကွက်တစ်ခုတည်းက အရာရာအောင်မြင်ရန် လုံလောက်ပါသည်"ဆိုသော ကျမ်းရိုးဘောဂဗေဒ၏ စံတန်ဖိုးများကို အချိန်ကာလကြာမြင့်စွာကပင် လက်မခံ၊ ဝေဖန်ထောက်ပြခဲ့ပါသည်။

"ကုန်သွယ်ရေးအတားအဆီးများကို ဖယ်ရှားလိုက်သည်နှင့် ကောင်းစွာချိတ်ဆက်ထားသော ဈေးကွက်စနစ်နှင့် အပြည့်အဝဖွံ့ဖြိုးတိုးတက်ပြီးသည့် အင်စတီကျူးရှင်းစနစ်တို့ကို အသုံးပြုကာ နိုင်ငံတစ်ခု၏ ဖြစ်နိုင်သော နှိုင်းရအားသာချက်များသည် အလိုလို ထွက်ပေါ်လာပါတော့သည်ဟု သမရိုးကျ နိုင်ငံတကာကုန်သွယ်ရေးသီအိုရီများက ဆိုပါသည်။ သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုသည် ကြွယ်ဝသော လုပ်သားအင်အားပိုင်ဆိုင်မှုကို (လုပ်သားအခြေပြု ထုတ်ကုန်များ အမြောက်အ*များ* ထုတ်လုပ်ရေးအတွက်) နှိုင်းရအားသာချက်အဖြစ် အသွင်ပြောင်းနိုင်ရန် အရေးကြီးသော အခြေခံ*အချက်* နှစ်ခုကို ဖြည့်ဆည်းရပါမည်။ ပထမအချက်မှာ စိုက်ပျိုးရေးထုတ်လုပ်နိုင်စွမ်းကို တိုးမြှင့်ပြီး (နှိုင်းရ)လုပ်ခလစာကို *လျှော့*ချကာ အမြောက်အ*များ* ထုတ်လုပ်ရေး ကဏ္ဍအတွက် လုပ်သားများ စေလွှတ်ပေးရပါမည်။
ဒုတိယအချက်မှာ နှိုင်းယှဉ်လိုက်လျှင် နည်းပါးသော လုပ်ခဖြင့် အမြောက်အ*များ* ထုတ်လုပ်ရေးကဏ္ဍက ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ရပါမည်။ ယင်းသည် ကမ္ဘာ့ဈေးကွက်တွင် လုပ်သားအခြေပြုထုတ်သည့် ကုန်စည်များအတွက် နှိုင်းရအားသားချက်ရရန် ဖြစ်ပါသည်။ ပြည်တွင်းအင်စတီကျူးရှင်းစနစ်ကြီးတိုးတက်ရန် အထက်ပါအခြေအနေနှစ်ခုစလုံး လိုအပ်ပါသည်။"
ဆရာလှမြင့်၏ ကုန်သွယ်ရန် စီးပွားရေးတံခါးဖွင့်ခြင်းတွင် ပြည်တွင်းအင်စတီကျူးရှင်းစနစ်တိုးတက်မှုအကြောင်း ပါဝင်နေပြီး တစ်ချိန်တည်းမှာပင် အစိုးရ၏ အခန်းကဏ္ဍသည်လည်း ပါဝင်နေပါသည်။ ဆရာလှမြင့်သည် တောင်ကိုရီးယားနှင့် ထိုင်ဝမ်၏ (ကျေးလက်ဒေသ ကုန်ထုတ်စွမ်းအားစုအားလုံး၏ ကုန်ထုတ်နိုင်စွမ်းကို မြှင့်တင်ပေးသော) တက်ကြွသည့်အစိုးရမူဝါဒများသည် ကောင်းမွန်သလောက် ချီးကျူးခံခဲ့ရခြင်းမရှိဟု ဆိုပါသည်။ (Turnell, 2014)

"အသေးစားလယ်သမားများနှင့် အသေးစားစက်မှုလုပ်ငန်းရှင်များ၏ လိုအပ်ချက်များအတွက် လူမှုအခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ခြင်းနှင့် အဖွဲ့အစည်းများ၊ စည်းမျဉ်းစည်းကမ်းများ တည်ဆောက်ပေးခြင်းတို့သည် ကျေးလက်ဒေသတွင် ကျယ်ပြန့်စွာ ပျံ့နှံ့ခဲ့ပါသည်။ အဆိုပါမူဝါဒများသည်

တောင်ကိုရီးယားနှင့် ထိုင်ဝမ်အတွက်သာမက ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံး၏ ဘောဂဗေဒသီအိုရီ လက်တွေ့အသုံးချရေးအတွက် ပတ်သက် ဆက်စပ်နေပါသည်။" (Hla Myint, 2001)

## ၄။ လက်တွေ့အကျိုးဆက်များ (၁၉၅၀ပြည့်လွန်နှစ်များမှ ၂၀၁၀ ပြည့်နှစ်အထိ)

ဆရာလှမြင့်၏ ပညာရပ်စာပေများနှင့် အတွေးအခေါ်များသည် မြန်မာအုပ်ချုပ်သူများ နှစ်ခြိုက်ခဲ့ကြသည့် "တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်၏ တိုက်ရိုက်ထိန်းချုပ်မှုဖြင့် ဦးဆောင်ရမည်"ဆိုသော အတွေးအခေါ်နှင့် ဖီလာဆန့်ကျင်သည့် အတွေးအခေါ်မူဘောင်၏ တစ်စိတ်တစ်ပိုင်းကို တည်ထောင်နိုင်ခဲ့ပါသည်။ အတော်ဆုံး ပထမတန်းစား စီးပွားရေးပညာရှင်များ၊ ဘောဂဗေဒပညာရှင်များ ဖြစ်ကြသည့် ဦးထွန်းဝေ၊ ရော်နယ်ဖင်လေ၊ ဦးခင်မောင်ကြည်၊ ဦးသက်ထွန်း၊ ဦးမြမောင်၊ ဦးအေးလှိုင်၊ ဦးမျိုးညွန့်၊ ဦးမြင့်နှင့် အာအမ်ဆွန်ဒရမ်တို့သည် ထိုအတွေးအခေါ်မူဘောင်ကို လက်ခံကြပြီး သူတို့ခေတ်ကာလတွင် အုပ်ချုပ်ရေး၏ အတွေးအခေါ်များကို ဆန့်ကျင်ခဲ့ကြပါသည်။ ထိုသို့ဖြစ်ပျက်ခဲ့ခြင်းသည် မြန်မာစစ်တပ်ခေါင်းဆောင်များ မကြာခဏ စံနမူနာယူလေ့ရှိသည့် အင်ဒိုနီးရှားနိုင်ငံမှ "ဘာကလေမာဖီးယား" ဖြစ်စဉ်နှင့်လည်း မကိုက်ညီပါ။ မြန်မာပြည်တွင် စွမ်းဆောင်ရည် မြင့်မားသော ဘောဂဗေဒပညာရှင်များ ရှိသော်လည်း အုပ်ချုပ်ရေးအဆက်ဆက်သည် ဘောဂဗေဒပညာရှင်များ၏ အကြံဉာဏ်ကို စူးစိုက်နားထောင်ခြင်း မရှိခဲ့ပါ။ သို့ဖြင့် စီးပွားရေးနှင့် လူမှုရေးအထွေထွေတို့ကို နိုင်ငံတော်က တိုက်ရိုက်ထိန်းချုပ်ခြင်းသည် ဆက်လက်ဖြစ်ပွားခဲ့သည့် တစ်ချိန်တည်းတွင်ပင် ဆရာလှမြင့်၏ ဉာဏ်ပညာဘဏ်တိုက်ကို တည်မှီလျက် အချို့သော အရှေ့တောင်အာရှနိုင်ငံများသည် ပို့ကုန်အသားပေး စီးပွားရေးတိုးတက်မှုမိုဒယ်ကို လိုက်နာကျင့်သုံးခဲ့ကြပါသည်။(Mya Maung 1991; Tin Maung Maung Than 2006; Myat Thein 2004).

ပညာရှင်များသည် မိုဒယ်များ၊ သဘောတရားများနှင့် အကျိုးတရားများကို ရှင်းပြသည့် ရှင်းပြသူသက်သက်သာ ဖြစ်ပါသည်။ အုပ်ချုပ်သူအစိုးရများက မကျင့်သုံးသည့်အခါ ပညာရှင်များ မည်သို့မျှ မတတ်နိုင်ပါ။ ရှောင်သည် သူ၏ မူရင်းဆောင်းပါးတွင် လက်တွေ့အကျိုးဆက်များဟု ခေါင်းစဉ်ငယ်တပ်သော်လည်း လက်တွေ့အကျိုးဆက် တစ်နည်း လက်တွေ့သုခသည် မရှိခဲ့ ဟု စာရေးသူက ကောက်ချက်ချပါသည်။

## ၅။ ဘောဂဗေဒပညာရှင် ပြန်လာပြီ။

၂၀၁၃ခုနှစ်၊ ဇူလိုင်လ၊ ၁၂ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် တိုင်းပြည်လွှတ်တော်သို့ မကြာမီ တင်သွင်းတော့မည့် "လယ်သမားများကို အကာအကွယ်ပေးရေးဥပဒေ"၏ အန္တရာယ်ကို သတိပေးသော ဆောင်းပါးတစ်ပုဒ် ပါလာပါသည်။ ထိုဆောင်းပါးကို ဆရာလှမြင့်က ရေးသားခဲ့ပါသည်။ ဆရာလှမြင့်၏ နှစ်ငါးဆယ်ကျော်အတွင်း ပြည်သူ့ရေးရာမူဝါဒအငြင်းအခုံတွင် ပထမဆုံး ပါဝင်လာခြင်း ဖြစ်ပါသည်။ တိုင်းပြည်၏

အတွင်းနှင့် ပြင်ပမှာ နေထိုင်ကြသည့် မိတ်ဆွေဟောင်းများနှင့် လုပ်ဖော်ကိုင်ဖက်များအားလုံးက တိုက်တွန်းကြသဖြင့် ဆရာလှမြင့်က ထိုဆောင်းပါးကို ရေးသားခြင်း ဖြစ်ပါသည်။ အစပိုင်းမှာပင် မြန်မာ့စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို လမ်းချော်စေနိုင်သည့် ဥပဒေ၏ အန္တရာယ်များအကြောင်း ရေးသားခြင်း ဖြစ်ပါသည်။

အဆိုပါဥပဒေသည် နိုင်ငံတော်က ဆန်စပါး၏ အနည်းဆုံးဈေးကို သတ်မှတ်ပြဋ္ဌာန်းပြီး အစိုးရကိုယ်တိုင်က ဝယ်ယူရန် ဖြစ်ပါသည်။ ထိုဥပဒေသည် ဆရာလှမြင့်၏ အတိတ်ဟောင်းက "နိုင်ငံတော်ကောက်ပဲသီးနှံ ဘုတ်အဖွဲ့နှင့် ဆင်တူနေပြီး အကျိုးဆက်များမှာလည်း ဆင်တူနေနိုင်ပါသည်။ တစ်ချိန်တည်းတွင် ထိုအစီအမံနှင့် ဆင်တူသည့် မူဝါဒကို ထိုင်းနိုင်ငံကလည်း ကျင့်သုံးနေပါသည်။ အကျိုးဆက်အနေဖြင့် ထိုင်းနိုင်ငံ၏ ဆန်းဈေးကွက်နှင့် ဆန်ဈေးကွက်၏ ဘဏ္ဍာရေး မတည်မငြိမ် ဖြစ်နေချိန် ဖြစ်ပါသည်။ နိုင်ငံတော်သည် တစ်နိုင်ငံလုံးက ဆန်စပါးများကို အတိတ်ကာလနှင့်မတူဘဲ မည်သို့ ပိုမို ထိထိရောက်ရောက် ဝယ်ယူပြီး သိုလှောင်မည်ကို စိတ်ဝင်စားမိသည်ဟု ဆိုပါသည်။ ရောမများပြားလှသော ဆန်စပါးများကို နိုင်ငံတော်စပါးအဝယ်ရုံများ စီးဆင်လာကြသည်ကို စီမံထိန်းသိမ်းနိုင်ရန် အတွေးနှင့်ပင် တုန်လှုပ်မိကြောင်း ဆိုပါသည်။

နိုင်ငံတော်က ဆန်စပါးကို ဝယ်ယူပေးမည့်အစား အစိုးရအနေဖြင့် ဈေးကွက်ထိန်းချုပ်မှု လွတ်လပ်ခွင့်ပြုရန်သာ တိုက်တွန်းပါသည်။ ၁၉၈၈နောက်ပိုင်း ပဲအမျိုးမျိုးပို့ကုန်သည် တိုးတက်လာခဲ့ပါသည်။ ပဲအမျိုးမျိုးသည် အစိုးရက ထိန်းချုပ်ခြင်းမခံရသော တစ်ခုတည်းသော စိုက်ပျိုးရေးထွက်ကုန် ဖြစ်ပါသည်။ ၁၉၉၀ပြည့်လွန်နှစ်များတွင် ပဲအမျိုးမျိုးသည် ဆန်ကို ကျော်တက်ကာ အများဆုံးတင်ပို့ရသော စိုက်ပျိုးရေးပို့ကုန် ဖြစ်လာပါသည်။

ဆန်ဈေးကွက်ကို လွတ်လပ်ခွင့်ပြုခြင်းတစ်ခုတည်းက လုံလောက်သည်ဟု ဆရာလှမြင့်က မယူဆပါ။ မြန်မာပြည်တွင် လယ်သမားများသည် အဆင့်နိမ့်ချထားသော ကျေးလက်အခြေခံအဆောက်အအုံများကိုသာ ရရှိပါသည်။ ဆန်ဈေးကွက်စနစ်ကို ပြုပြင်ပြောင်းလဲရန်အတွက် စိုက်ပျိုးရေးထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ရမည်၊ လယ်သမားများ ချေးငွေရရှိစေရေး ပိုမိုကောင်းမွန်စွာ ပြဋ္ဌာန်းရမည်၊ ဆည်မြောင်းစနစ်၊ ရေကြီးရေလျှံမှုထိန်းချုပ်ရေး၊ ကျေးလက်သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးတို့အတွက် ပိုမိုရင်းနှီးမြှုပ်နှံရမည်ဟု ဆရာလှမြင့်က အကြံပြုတင်ပြပါသည်။

ဆရာလှမြင့်၏ အမြင်တွင် ထိုဥပဒေသည် လူထုထောက်ခံမှု ရယူခြင်းသာ ဖြစ်ပါသည်။ စိုက်ပျိုးရေးကို မှီခိုနေရပြီး မြေယာပိုင်ဆိုင်မှုလည်း မရှိသဖြင့် စိုက်ပျိုးရေးကဏ္ဍ၏ အဆင်းရဲဆုံးများသည် လူဦးရေ(၁၀)သန်းခန့် ရှိလိမ့်မည်ဟု ဆရာလှမြင့်က ခန့်မှန်းပါသည်။ အဆိုပါလူအုပ်စုသည် ထိုဥပဒေကြောင့်

စားသောက်ကုန်စျေးနှုန်းများ မြင့်တက်လာပြီး ၎င်းတို့၏ ဆင်းရဲမွဲတေမှုမှာ ပိုမိုနက်ရှိုင်းသွားလိမ့်မည်ဟု သတိပေးပါသည်။

ထိုဥပဒေသည် မြန်မာပြည်စိုက်ပျိုးရေး၏ ပြဿနာအစစ်ကို လျစ်လျူရှုထားပါသည်။ ပြဿနာမှာ နည်းပါးသော စိုက်ပျိုးကုန်စျေးနှုန်းလည်း မဟုတ်၊ ငွေချေးသူများလည်း မဟုတ်ပါ၊ မလိုအပ်သော အစိုးရစည်းမျဉ်းများနှင့် ခေတ်နှင့် မလျော်ညီတော့သော ဥပဒေများသာ ဖြစ်ပါသည်။ ထိုစည်းမျဉ်းဥပဒေများသည် ကြန့်ကြာမှုနှင့် လာဘ်ပေးလာဘ်ယူမှုများကို ဖြစ်ပေါ်စေပါသည်။ အလုပ်ဖြစ်အောင် ကုန်ကျရသည့် လုပ်ငန်းစရိတ်များသည် ကျွဲကူးရေပါ မြင့်တက်လာပါသည်။ ဖြေရှင်းနည်းမှာ စီးပွားရေးအဆောက်အအုံကို လွတ်လွတ်လပ်လပ်ဖြစ်အောင် ဖြေလျော့ပေးခြင်းနှင့် မလိုအပ်သော စည်းမျဉ်းများကို ဖျက်သိမ်းခြင်းသည် လုပ်ငန်းစရိတ်လျှော့ချရန်နှင့် မြန်မာ့စျေးကွက်စနစ်၊ ချေးငွေစနစ်မြှင့်တင်ရန် ကုန်ကျစရိတ်မရှိသော နည်းလမ်း ဖြစ်ပါသည်။ အထက်ပါမူဝါဒမျိုးသည် ဆန်စပါးကြမ်းခင်းစျေးအာမခံချက်မူဝါဒ သတ်မှတ်ခြင်းကဲ့သို့ လူထုထောက်ခံမှု ရချင်မှရပါမည်။ သယ်ယူပို့ဆောင်ရေးစရိတ်နှင့် လုပ်ငန်းစရိတ်လျော့ကျခြင်းသည် လယ်သမားတို့ လက်ခံရရှိသည့် ဆန်စပါးစျေးကို (နှိုင်းရတန်ဖိုး) မြင့်တက်စေပါသည်။ ယင်းသို့ အထွေထွေစရိတ်များ ကျဆင်းလာခြင်းသည် လယ်သမားများအတွက်သာမက တိုင်းပြည်တစ်ခုလုံး၏ စီးပွားရေးအပေါ် အပြုသဘောဆောင်သည့် သက်ရောက်မှုများ ဖြစ်စေပါသည်။

နောက်ဆုံးအနေဖြင့် လယ်သမားများကို အကာအကွယ်ပေးရေး ဥပဒေသည် တိုင်းပြည်၏ လုပ်သားအခြေပြု တိုးတက်စေရမည့် ဗျူဟာကို ထိခိုက်လမ်းချော်စေမည်ကိုလည်းကောင်း၊ လုပ်သားရင်းမြစ် ပေါများသည့်တိုင်းပြည်တွင် အရင်းအနှီးအခြေပြု သုံးသကဲ့သို့ ဖြစ်သွားပါက စရိတ်များ တက်လာပြီး အဆိုပါစရိတ်တက်မှုကြောင့် လုပ်သားအခြေပြုစက်ရုံများ ရင်းနှီးမြှုပ်နှံမှု လျော့ကျသွားမည်ကိုလည်းကောင်း စိုးရိမ်ခဲ့ပါသည်။[13] ဤကဲ့သို့ တွေးခေါ်ရခြင်း၏ နောက်ကွယ်က စဉ်းစားပုံကို ဆရာလှမြင့်က ရှောင်တန်းနဲလ်ဆီသို့ ပေးပို့သောစာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

“စစ်ပြီးခေတ် ထိုင်ဝမ်နှင့် တောင်ကိုရီးယားကဲ့သို့ အာရှကျားနိုင်ငံများ၏ စီးပွားရေးတိုးတက်လာမှုသည် ဆင်းရဲပြီး လုပ်ခလစာနည်းပါးသည့်နိုင်ငံများက (လုပ်သားအခြေပြု အမြောက်အမြား ထုတ်လုပ်သည့် ကုန်စည်များကို တိုးချဲ့ပြီး) မည်သို့ စီးပွားရေးလျင်မြန်စွာ တိုးတက်နိုင်သည်နှင့် တိုးတက်လာသောစီးပွားရေးကိုလည်း

---

[13] ဆရာလှမြင့်က အထွေထွေစရိတ်များ မြင့်တက်လာခြင်းသည် ပြည်သူတို့၏ ချမ်းသာသုခကို ထိခိုက်လျော့ပါးစေခြင်း၊ တိုင်းပြည်တိုးတက်ရေးလမ်းကြောင်းမှ သွေဖည်စေသည့် အကြောင်းခြင်းရာများကို မွေးထုတ်ပေးကြောင်း အကြိမ်ကြိမ်ရှင်းပြခဲ့ပြီး ဖြစ်ပါသည်။

ထိန်းသိမ်းထားနိုင်သည်ကို ရှင်းပြနေပါသည်။ ၁၉၇၀ပြည့်လွန်နှစ်များတွင် ထိုနိုင်ငံများ၏ လုပ်ခလစာ မြင့်တက်လာမှုကြောင့် ပိုမိုနည်းပါးသည့် လုပ်ခလစာများနှင့် တည်ငြိမ်သည့်စီးပွားရေးကို ပိုင်ဆိုင်ထားသည့် ထိုင်းနှင့် မလေး*ရှား*နိုင်ငံတို့ထံသို့ အာရှကျားနိုင်ငံများ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီး*မြှုပ်*နှံမှုများ ဝင်ရောက်လာပါသည်။ သဘာဝကုန်ကြမ်းထုတ်ကုန်များနှင့် အမြောက်အ*မြား* ထုတ်လုပ်သည့် ထုတ်ကုန်များ ထုတ်လုပ်နေသော ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် သူတို့၏ ပို့ကုန်များကို တိုးချဲ့နိုင်ခဲ့ပါသည်။ ရိုးရှင်းသော ထုတ်ကုန်များကို အမြောက်အ*မြား* ထုတ်လုပ်ခဲ့ပြီးမှ ပိုမိုရှုပ်ထွေးသော ထုတ်ကုန်များကို ထုတ်လုပ်ခဲ့ခြင်း ဖြစ်ပါသည်။”

၂၀၁၃ခုနှစ် စက်တင်ဘာလတွင် လွှတ်တော်က အဆိုပါဥပဒေကို ပြန်လည်ပြင်ဆင်ရေးသားပြီး အောက်တိုဘာလ ၃ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုခဲ့ပါသည်။ လိုအပ်ပါက အစိုးရ ဝင်ရောက်စွက်ဖက်မည်ဆိုသော သဘောသို့ ပြင်ဆင်ခဲ့ပါသည်။ ထို့အပြင် ဥပဒေ၏ အမည်ကိုလည်း “လယ်သမားများ၏ မူပိုင်ခွင့်များ ကာကွယ်ရေးနှင့် စီးပွားရေးသုခများ မြှင့်တင်ရေးဆိုင်ရာ ဥပဒေ”ဟု ပြင်ဆင်ခဲ့ရပါသည်။ (Su Phyo Win and Kean 2013)

ဆရာလှမြင့်၏ အကြံဉာဏ်များသည် “တိုင်းပြည်၏ စီးပွားရေးတံခါးကို ကျယ်သထက်ကျယ်အောင် ဖွင့်ထားရန်နှင့် စီးပွားရေးလွတ်လပ်မှုကို မြှင့်တင်ရန်”တို့ ဖြစ်ပါသည်။ ထိုသို့ အတွေးအခေါ်ရှိသည့်အလျောက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုစေချင်ခဲ့ပါသည်။ တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမျိုးကိုသာ ဆရာလှမြင့်က ဆိုလိုပါသည်။ လုပ်သားအခြေပြုစီးပွားရေးလုပ်ငန်းများကို ကြိုဆိုရန် ပြောပါသည်။ အထွေထွေစရိတ်နည်းပါး၊ လုပ်ခလစာနည်းပါး၊ မြင်ရသောအခြေခံအဆောက်အအုံ၊ မမြင်ရသောအခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်၊ ထိုအကြောင်းတရားများ ပြည့်စုံပါမှ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်လာပါမည်။

တစ်ချိန်တည်းတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဝင်ပြီးကာမှ အထွေထွေစရိတ်တက်မည်ကိုလည်း ဆရာလှမြင့်က လက်မခံပါ။ အခွန်သက်သာခွင့်များ ပေးပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ခေါ်ခြင်းကိုလည်း လက်မခံပါ။ စီးပွားရေးလုပ်ကောင်းသောကြောင့်နှင့် ပြည်သူများ စီးပွားရေးစွမ်းရည်ကောင်းသောကြောင့် ရင်းနှီးမြှုပ်နှံမှု ဝင်တာသာ ဖြစ်သင့်ကြောင်း ဆိုပါသည်။ မည်သို့ပင်ဆိုစေ လုပ်သားအခြေပြုလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုဝင်လာလျှင် တိုင်းပြည်စီးပွားရေး၏ ချိတ်ဆက်မှုနှင့် ပျံ့နှံ့မှုများပြားသဖြင့် ဆရာလှမြင့်က ထောက်ခံပါသည်။ သို့သော် တိုင်းပြည်စီးပွားရေး၏ လူမျိုးစုံ၊ အလွှာမျိုးစုံနှင့် ချိတ်ဆက်မှု၊ ပျံ့နှံ့မှုနည်းပါးလှသော သဘာဝသယံဇာတများ ထုတ်ယူသည့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကိုမူ ဆရာလှမြင့်က မကြိုဆိုပါ။

လုပ်သားအခြေပြုလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှုဝင်ရောက်ခြင်းသည် အလုပ်ကျွမ်းကျင်မှုများပါ လက်ခံရရှိသည့်အတွက် ထောက်ခံအပ်သည် ဆိုသည့်အကြောင်းရင်းကိုမူ ဆရာလှမြင့်က ချင့်ချိန်ပြီး သတိနှင့် ထောက်ခံပါသည်။ ၁၉၇၂ထုတ် အရှေ့တောင်အာရှဒေသမူဝါဒလေ့လာဆန်းစစ်ချက်တွင် ယင်းကျိုးကြောင်းဆက်စပ်မှုသည် သုတေသနနှင့် စုံစမ်းဖော်ထုတ်ရမည့်ကိစ္စ ဖြစ်သည်ဟု ဆိုပါသည်။ ရှောင်တန်းနဲလ်ဆောင်းပါးတွင်မူ "သွယ်ဝိုက်သက်ရောက်သည့်ကောင်းကျိုးရှိကောင်းရှိနိုင်ပါသည်"ဟု ရေးပါသည်။ သို့ဖြစ်သောကြောင့် ဆရာလှမြင့်က ၁၉၇၂ခုနှစ်က ဆိုခဲ့သလို စုံစမ်းဖော်ထုတ်ရမည့် ပညာရပ်ခေါင်းစဉ်အဖြစ် ရှိနေပါသေးသည်။

မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အင်စတီကျူးရှင်းစနစ်ပတ်ဝန်းကျင်နှင့် နီးကပ်စွာ ချိတ်ဆက်နေသည်ဟု ဆရာလှမြင့်က ရှုမြင်ပါသည်။ ဆရာလှမြင့်ပြောသည့် အင်စတီကျူးရှင်းစနစ်ဝန်းကျင်ဆိုသည်မှာ အုပ်ချုပ်ရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်၊ တရားရေးစနစ်၏ ထက်မြက်တရားမျှတမှု၊ ပြည်သူလူထု၏ ပညာရေးရေချိန်၊ ပြည်သူတို့၏ စိတ်နေစိတ်ထားများ၊ အဂတိလိုက်စားမှုတို့ကို ဆိုလိုပါသည်။ မြင့်ရသော အခြေခံအဆောက်အအုံများကို တည်ဆောက်ရန် ခက်ခဲတတ်ပြီး အချိန်လည်း ကြာမြင့်နိုင်ပါသည်။ အင်စတီကျူးရှင်းများကို တည်ဆောက်ရန် ပိုမိုခက်ခဲပြီး ပိုမိုကြာမြင့်နိုင်ကြောင်း ဆရာလှမြင့်က ရှင်းပြပါသည်။ တော်တော်များများက မြန်မာပြည်သည် နောက်မှရောက်သူတစ်ယောက်၏ အားသာချက်များကို စံစားရင်း လျင်လျင်မြန်မြန်တိုးတက်သွားလိမ့်မည်ဟု မျှော်လင့်ကြပါသည်။ "မြန်မာပြည်သည် လုပ်ရင်းကိုင်ရင်းသင်ယူရင်း နည်းပညာအကူအညီလည်း ပြင်ပမှ လက်ခံရရှိသည်ဆိုလျှင်ပင် အတိတ်ကာလက စီးပွားရေးအထီးကျန်မှုသို့ ပြန်ပြောင်းနိုင်သည့် အန္တရာယ်များကို တွန်းလှန်ရင်း အများထင်သကဲ့သို့ အလွန်လျင်မြန်စွာ တိုးတက်မည် မဟုတ်သေးဘဲ လုံလောက်အောင် ကြာပါဦးမည်"ဟု ဆိုပါသည်။ မြန်မာပြည်သူများ သည်းခံစောင့်ဆိုင်းဖို့ လိုအပ်ကြောင်း ဆိုပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများသည် အနာဂတ်ကာလအထိ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရန် အချိန်ကာလတစ်ခု စောင့်ဆိုင်းရပါမည်။ အကျိုးအမြတ်မရသေးခင် အတည်တကျမရှိမှုများ၊ သက်သောင့်သက်သာ မဖြစ်မှုများနှင့် ဆင်းရဲဒုက္ခများ ကြုံရပါမည်။ အနာဂတ်ကာလအထိ တည်တံ့သော ဝင်ငွေမြင့်တက်မှုအတွက် ကြိုးပမ်းအားထုတ်မှုများသည် မကျေနပ်မှုများ ပိုပြီး ပြင်းထန်သည်ပင် ဖြစ်နိုင်ပါသည်။ ဆရာလှမြင့်၏ ၁၉၇၃ ရေးသားချက် ဖြစ်ပါသည်။

၆။ ၂၀၀၀ပြည့်နှစ်တွင် မြန်မာဘောဂဗေဒပညာရှင်အုပ်စုသည် မြန်မာပြည်အတွက် “ရေရှည်မျှော်မြင်ချက်များနှင့် ဗျူဟာများ” စာအုပ်တွင် အောက်ပါအတိုင်း ရေးသားထားပါသည်။

“ဆရာလှမြင့်၏ စာပေလက်ရာများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဘာသာရပ်ကို ရှေ့ဆောင်ဦးရွက်ပြုတည်ထောင်ခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများထဲမှ တစ်ဦး ဖြစ်ပါသည်။ ဆရာလှမြင့်၏ စဉ်ဆက်မပြတ်တိုက်တွန်းချက်များကြောင့် ပို့ကုန်အသားပေးဗျူဟာသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ တိုးတက်ရေးအင်ဂျင်ဖြစ်ကြောင်း တစ်ကမ္ဘာလုံးက လက်ခံလာခဲ့ရပါသည်။ ၁၉၄၈ခုနှစ်တွင် လွတ်လပ်သောနိုင်ငံအဖြစ် ပြန်လည်ဖွားမြင်ခဲ့သော အမိမြန်မာပြည်သည် သူမ၏ အောင်မြင်ကျော်ကြားသော သားကောင်း၏ အကြံဉာဏ်များကိုသာ လိုက်နာကျင့်သုံးခဲ့ပါလျှင် ယခု အလွန်ကြွယ်ဝချမ်းသာသော နိုင်ငံကြီးတစ်ခု ဖြစ်ပါလိမ့်မည်။” (Khin Maung Kyi. 2000, p. 103)

၇။ နိဂုံး

ဆရာလှမြင့်သည် မြန်မာပြည်ဘောဂဗေဒပညာရွှေခေတ်၏ ပြယုဂ်ဖြစ်ပါသည်။ စာရေးသူသည် ရွှေခေတ်ကို ပြန်လည်တမ်းတသည့်စိတ်ဖြင့် ရေးသားပါသည်။ တွဲဖက်ပါမောက္ခရှောင်တန်းနဲလ် ရေးသော ဆောင်းပါးကို လိုတိုးပိုလျှော့ ရေးသားကိုးကားခဲ့ပါသည်။ ဆရာလှမြင့်အကြောင်း မြန်မာတစ်ယောက်က မြန်မာလို ရေးသားပြုစုထားခြင်း မရှိပါ။ စာရေးသူလည်း လေ့လာနေဆဲ ဖြစ်ပြီး မရေးသားနိုင်သေးပါ။ ရှောင်တန်းနဲလ်ရေးသော စာတစ်စောင်ပေတစ်ဖွဲ့ရှိနေသဖြင့် အမြင်မတူသော်လည်း ကျေးဇူးတင်ရပါသည်။ စာဖတ်သူများအတွက် လိုအပ်သည်ထင်ပါက ဝင်ရောက်ရှင်းပြထားပါသည်။ ခံစားချက်ဆန်သော အရေးအသားများကို တတ်နိုင်သမျှ လျှော့ချထားပါသည်။

ခေတ်၏ နည်းပညာအားသာချက်များကြောင့် ပညာရှာရသည်မှာ ပိုမိုလွယ်ကူလာပါသည်။ မြန်မာပြည်ဘောဂဗေဒပညာရွှေခေတ်ကို ပြန်လည်ထူထောင်ခြင်းသည် မဖြစ်နိုင်သည့်အိပ်မက် မဟုတ်ပါ။ တင်ကူးအခြေအနေလိုအပ်ချက်မှာ ဘောဂဗေဒစာပေများ မြန်မာဘာသာဖြင့် ပြတ်လပ်နေမှု ဖြစ်ပါသည်။ ပညာရွှေခေတ်၏ ရည်ရွယ်ချက်မှာ ကြွယ်ဝချမ်းသာသောမြန်မာပြည်နှင့် ဉာဏ်ပညာဖြင့် ထွန်းလင်းတောက်ပသော နိုင်ငံတော်ဖြစ်ပါသည်။ အဆိုပါရည်ရွယ်ချက်သည် ဆရာလှမြင့်ဆန္ဒနှင့်လည်း ထပ်တူထပ်မျှ ဖြစ်ပါလိမ့်မည်။

### နောက်ဆက်တွဲ

၁၉၄၈-၁၉၅၀ မြန်မာ့စီးပွားရေးအခြေအနေများနှင့် ပတ်သက်၍ တင်ပြစရာ အချက်(၂)ချက်ကျန်ပါသည်။ ပထမအချက်မှာ ဆရာလှမြင့်မှန်ကန်ကြောင်းကို တိုင်းပြည်ပြုလွှတ်တော်မှတ်တမ်းများတွင် တွေ့ရှိရပါသည်။ ရခိုင်၊ စစ်တွေဆိပ်ကမ်းတွင် စပါးများ အများအပြား ပုံနေပါသည်။ ပြည်ထောင်စုအစိုးရ၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့က လာရောက်သိမ်းဆည်းရမည် ဖြစ်သော်လည်း ထိုခေတ်က ရခိုင်နှင့် ရန်ကုန်သင်္ဘောသည် ၁၅ရက်တစ်ခါသာ အသွားအပြန် ရှိပါသည်။ ထို့ကြောင့် စပါးများပုပ်ကုန်မှာ စိုး၍ ရခိုင်လွှတ်တော်ကိုယ်စားလှယ်များက စစ်တကောင်းသို့ တိုက်ရိုက်ရောင်းချခွင့်ကို ပြည်ထောင်စုအစိုးရထံ တောင်းဆိုပါသည်။ ပြည်ထောင်စုအစိုးရက နိုင်ငံတကာရိက္ခာပေါင်းချုပ်အဖွဲ့ကြီး၏ အချိုးကျစာရင်းကို အကြောင်းပြကာ ပယ်ချခဲ့ပါသည်။ ဆိုလိုရင်းမှာ နိုင်ငံတကာသို့ ဆန်းစပါးရောင်းဝယ်မှုကို အစိုးရက ချုပ်ကိုင်ထားသော်လည်း အချိန်မှီစုဆောင်းနိုင်ရန်ပင် ပျက်ကွက်ခဲ့ပါသည်။ ထို့ကြောင့် အစိုးရကို မနိုင်သည့်တာဝန် မလုပ်ဘဲ ပုဂ္ဂလိက လွှဲပြောင်းပေးအပ်ဖို့ ဆရာလှမြင့်က တင်ပြခဲ့ရခြင်း ဖြစ်ပါသည်။

ဒုတိယအချက်မှာ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့က ရသော အမြတ်များကို အစိုးရက သာမန်စာရင်းအတွက်သာ သုံးစွဲခဲ့သည်မဟုတ်ပါ။ နှောင်းပိုင်းရေးသားချက်များတွင် အဆိုပါရငွေများကို အစိုးရသည် သာမန်စာရင်းအတွက်သာ သုံးစွဲခဲ့သယောင် မှားယွင်းတင်ပြကြပါသည်။ ပြန်လည်ထူထောင်ရေးအစီအစဉ်များအတွက်ပါ အသုံးချခဲ့ပါသည်။ ထိုခေတ်က နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့၏ ရငွေသည် တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် ဖြစ်သည်ဟု အစိုးရက လွှတ်တော်တွင်းမှာရော၊ ပြည်သူများထံသို့အထိ ကြွေးကြော်ခဲ့ပါသည်။ စီးပွားရေးအရ ထိရောက်မှုမရှိသည်မှာလည်း အမှန်ပင် ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် အစိုးရလိုငွေအကြီးအကျယ်ပြနိုင်ချေ ရှိသည်မှာလည်း အမှန်ပင် ဖြစ်ပါသည်။ ထိုအချိန်အစိုးရက ဆရာလှမြင့်ထံမှ မျှော်လင့်သည်မှာ အစိုးရ ရငွေတိုးတက်စေရေး နည်းလမ်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ တကယ်ကြားလိုက်ရသည်မှာ အစိုးရ၏ လက်ရှိစီမံကိန်းများသည် စီးပွားရေးတိုးတက်မှုကို ဦးမတည်ပါဆိုသည့် ဝေဖန်ချက်ဖြစ်ပါသည်။ ပညာရှင်နှင့် အစိုးရတို့ နားလည်မှုလွဲခဲ့ကြပါသည်။ ပညာရှင်ကလည်း ပြည်သူတွေအပေါ် အမှန်တကယ်စေတနာရှိခဲ့ပါသည်။ အစိုးရသည်လည်း အမှန်တကယ်စေတနာရှိခဲ့ပါသည်။ နားလည်မှုလွဲပြီးနောက် အစိုးရလည်း အာဏာမပြုတ်၊ ပညာရှင်လည်း နိုင်ငံခြားမှာ စိတ်ညစ်ညစ်နှင့် စာသင်နေရပါသည်။ နှစ်ဖက်စလုံး အလွန်မနစ်နာပါ။ အလွန်နစ်နာခဲ့ရသည်မှာ ပြည်သူတွေသာ ဖြစ်ပါသည်။ အစိုးရနှင့် ပညာရှင် နားလည်မှုတည်ဆောက်နိုင်လျှင် အစိုးရ၊ ပညာရှင်၊ ပြည်သူ သုံးဦးစလုံး ကောင်းကျိုးလည်းရ၊ သမိုင်းကြောင်းလည်းလှပါလိမ့်မည်။